# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ စနေနေ့၊ အတွဲ (၄၆)၊ အမှတ် (၅၆)


လွတ်လပ်ရေး၏ အနှစ်သာရနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၏တန်ဖိုးကို ပြည်သူတစ်ရပ်လုံးနှင့် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး ထာဝစဉ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရေး အတွက် ယခုကဲ့သို့ လွတ်လပ်ရေးနေ့အခမ်းအနားကို နှစ်စဉ်မပျက် ကျင်းပခဲ့ခြင်းဖြစ်။

## (၈၆) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသား အားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး။
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စု စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။





# (၈၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား နိုင်ငံရေးအနှစ်သာရရှိရှိ စည်ကားခမ်းနားစွာကျင်းပနိုင်ရေး တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

# အမျိုးသားရေးဦးတည်ချက်(၄)ရပ် အများပြည်သူမြင်သာအောင် ဆိုင်းဘုတ်ကြီးများ ခံ့ညားထည်ဝါစွာရေးဆွဲပြီး ကြိုတင်စိုက်ထူ

နေပြည်တော် နိုဝင်ဘာ ၂၄

၂၀၀၆ခုနှစ် (၈၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို ယနေ့နံနက်၉နာရီက နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ (၈၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အပေါ်ပုံ)** *စာမျက်နှာ ၈ ကော်လံ ၁* ❒

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

25-11 (01) 1 11/25/06, 1:21 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

# လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေသော လမ်းနှင့် တံတားများ

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ကားလမ်း၊ ရထားလမ်းများ၊ တံတားများ၊ ဘူတာရုံများ၊ ဆိပ်ကမ်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လေယာဉ်ကွင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်က အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် တည်ဆောက်ဖောက်လုပ်ပေးလျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ပြီးစီးသွားသည့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပေါ်ရှိ ဖုန်အင်တံတားသစ်ကို နိုဝင်ဘာလ ၁၈ ရက်နေ့က ဖွင့်လှစ်လိုက်သည်။ အဆိုပါတံတားမှာ အရှည် ၂၃၅ ပေရှိသည့် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။

ဖုန်အင်တံတားသည် ၁၉၈၈ခုနှစ်နောက်ပိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် ပေ၁၈၀နှင့်အထက် အစင်း၂၀၀မြောက်တံတားဖြစ်ပြီး ကချင်ပြည်နယ်၏ ၁၅စင်းမြောက် ဖွင့်လှစ်နိုင်သည့် တံတားတစ်စင်းဖြစ်သည်။ ယခုအခါ ကချင်ပြည်နယ်၌ ပေ ၁၈၀နှင့်အထက် တံတားပေါင်း ၄၂စင်းရှိခဲ့ပြီ ဖြစ်သည်။ ပြည်နယ်အတွင်း လမ်းမိုင် ၁၆၅၂ မိုင်ရှိသည့်အနက် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းမိုင်၂၀၀ကျော်ကို ရာသီမရွေးသွားလာနိုင်သည့် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်လျက်ရှိရာ အဆိုပါလမ်းပေါ်ရှိ ဖုန်အင်တံတားတည်ဆောက်ပြီးစီးသွားသဖြင့် ဆက်သွယ်သွားလာမှု ပိုမိုချောမွေ့ လွယ်ကူလျက် ရှိသည်။

ယခင်က မြစ်ကြီးနားမှ ပူတာအိုသို့ လေကြောင်းလမ်းတစ်ခုတည်းကိုသာ အားကိုးသွားလာခဲ့ကြ ရာမှ ယခုအခါ မော်တော်ယာဉ်လမ်းကြောင်းဖြင့် ဆက်သွယ်သွားလာနိုင်ကာ ကုန်စည်များ တင်ပို့နိုင်ကြပြီ ဖြစ်သည်။

တစ်နိုင်ငံလုံးတွင် ၁၉၈၈ခုနှစ်အထိ လမ်းမိုင်အရှည် ၁၃၆၃၅မိုင် ရှိခဲ့ရာက ယခုအခါ မိုင် ၁၉၀၂၀ နှင့် ၆ ဖာလုံရှိလာသည့်အတွက် ၅၃၈၅ မိုင် ၆ ဖာလုံ တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့သည်။ ကချင် ပြည်နယ်တွင် ၁၉၈၈ခုနှစ်အထိ လမ်းမိုင် ၁၄၇၁မိုင်သာ ရှိခဲ့ရာမှ ယခုအခါ ၁၆၅၂ မိုင် ၄ဖာလုံ ရှိလာပြီး ၁၈၁မိုင် ၄ ဖာလုံအထိ တိုးတက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုတစ်ဝန်း၌ ငြိမ်းချမ်းဖွံ့ဖြိုးမှု၏ ရလဒ်များ ဖြစ်ထွန်းလျက်ရှိရာ လမ်းသစ်၊ တံတားသစ်ပေါင်းများစွာ ဖောက်လုပ်တည်ဆောက်ပေးနိုင်မှုကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက် မြင့်မားလာလျက်ရှိပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်

ရန်ကုန် နိုဝင်ဘာ ၂၄

နယ်လှည့်သာသနာပြုဓမ္မကထိက အရှင်ဇဝန(ပဲခူး) သည် ဒီဇင်ဘာ ၂ရက် ၊၃ရက်နှင့် ၄ရက်တွင်ပဲခူးတိုင်း ရွှေကျင်မြို့ ရွှေဂူသုံးထပ် နှစ်ဂိုဏ်းပေါင်းစာပြန်ပွဲတော်တွင် သုံးညတိုင်တိုင် တရားဓမ္မ ဟောကြားတော်မူမည်ဖြစ်သည်။ ဆရာတော်နှင့် ဆက်သွယ်လိုလျှင် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်သစ် ရပ်ကွက် စံရိပ်ငြိမ်ကျောင်းတိုက် ဖုန်း-၀၉-၅၁၄၄၇၉၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေး ဝန်ကြီးဌာန လေ့ကျင့်ရေးသုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်းအား ယင်းဝန်ကြီးဌာန စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကိုစတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## အထက(၁)ကြည့်မြင်တိုင် အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၄

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (ယခင်အေဘီအမ် ကြည့်မြင်တိုင် မိန်းကလေးအထက်တန်းကျောင်း)၏ တတိယအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၆ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁) အထက်တန်းကျောင်း မြဝတ်ရည်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

(မြန်မာ့အလင်း)

# အလုံဆိပ်ခံတံတား တည်ဆောက်ပြီး B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရေး သဘောတူလက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၄

**ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd. တို့အကြား ရန်ကုန်မြို့ရှိ အမှတ်(၄)အလုံဆိပ်ခံတံတားတည်ဆောက်ပြီး B.O.T စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် ညနေ ၆နာရီခွဲတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် Asia World Port Management Co., Ltd. တို့အကြား လုပ်ငန်းလုပ်ကိုင်နိုင်ရေး စာချုပ်ချုပ်ဆိုခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် Asia World Port Management Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်က ဆိပ်ခံတံတားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### လက်မှတ်ရေးထိုးလဲလှယ်

ယင်းနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးနှင့် အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်၊ Asia World Port Management Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်နှင့် ဒါရိုက်တာ ဦးမောင်ကြေးတို့သည် ရန်ကုန်မြို့ရှိ အမှတ်(၄) အလုံဆိပ်ခံတံတားတည်ဆောက်ပြီး B.O.T စနစ်ဖြင့် လုပ်ငန်း လုပ်ကိုင်ရေးအတွက် သဘောတူစာချုပ်ကို သက်ဆိုင်ရာကဏ္ဍအလိုက် လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

### ခွင့်ပြုမိန့်ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို Asia World Port Management Co., Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းမြင့်နိုင်ထံ ပေးအပ်သည်။ **(သတင်းစဉ်)**



# မင်းလှစည်ပင် အုတ်တွင်း-စီတုန်း ကျေးလက်ဂဝံလမ်းဆောင်ရွက် လက်ပံတန်းတွင် ရေငံတံတား ပြုပြင်တည်ဆောက်

ရန်ကုန် နိုဝင်ဘာ ၂၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် နိုဝင်ဘာ ၂၁ရက်က တာဝန်ရှိသူများလိုက်ပါလျက် မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ထားပြီးသော အုတ်တွင်း-စီတုန်းကျေးလက်ဂဝံလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီးက လမ်းအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအပေါ် ဒုတိယဝန်ကြီးက လမ်းဘေးဝဲ/ယာ လမ်းပခုံးသားများကို ထပ်မံဖြည့်တင်းပေးရန်၊ လမ်းအရှည် တည်တံ့အောင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ရန် မှာကြားသည်။**

### သောက်သုံးရေတွင်းစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မင်းလှမြို့နယ် တာကလေးကျေးရွာ၌ စည်ပင်သာယာရေးအဖွဲ့မှ ကျေးရွာသူကျေးရွာသားများ သောက်သုံးရန်အတွက် ပြုပြင်ထိန်းသိမ်းထားသည့် သောက်သုံးရေတွင်းကို စစ်ဆေးသည်။

### ကြိုးစားဆောင်ရွက်

ထို့နောက်ဒုတိယဝန်ကြီးသည် မင်းလှမြို့နယ်စည်ပင်သာယာရေး အဖွဲ့သို့ ရောက်ရှိပြီး သတ်မှတ်အခွန်အကောက်များ ပြည့်ပြည့်ဝဝရရှိရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လက်ပံတန်းမြို့နယ်အတွင်းရှိ အုတ်ဖိုစုကျေးရွာနှင့် ရေငံကျေးရွာသို့ ဆက်သွယ်သော ကျေးလက် ရေငံတံတား ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေး(**အပေါ်ပုံ**)ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၅-၁၁-၂၀၀၆ (စနေနေ့)

### နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် သသာဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိများ

### နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **မိုးနဲ့မြေပြင်** သရုပ်ဆောင်-လွင်မိုး၊နန္ဒာလှိုင်
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၄း၃၅ ၄။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၅း၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၇။ နိုင်ငံတကာသတင်း
- ၆း၂၀ ၈။ မိုးလေဝသသတင်း
- ၆း၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၀။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျေးတောသူ** အပိုင်း(၄)
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၁၆။ English Premier League Liverpool Vs Manchester City

*** ကျော်ဖုံးမှ**

စိုက်ပျိုးရေးပိုင်းနှင့် ပတ်သက်၍ ဒေသဝမ်းစာ ဖူလုံပိုလျှံရေးအတွက် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်ပြီး ခေတ်မီနည်းစနစ်များဖြင့် ပန်းတိုင်အထွက်နှုန်း ရရှိအောင် စီမံစိုက်ပျိုးရေး၊ စက်မှုကုန်ကြမ်းသီးနှံ နှစ်ရှည်ပင်၊ ရော်ဘာ၊ လက်ဖက်နှင့် အထူးသီးနှံ ခြံစည်းရိုးကြက်ဆူပင်တို့ကိုလည်းကောင်း၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် မီးဖိုချောင်သုံးသီးနှံများကို လည်းကောင်း၊ ဒေသအလိုက် တိုးချဲ့စိုက်ပျိုးကြရေးကို ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက စည်းရုံးဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ ဒေသအတွက် လိုအပ်သော စက်သုံးဆီ၏ အနည်းဆုံး ၄၀ ရာခိုင်နှုန်းခန့်ကို ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်ရရှိသည့် ဇီဝဒီဇယ်ဆီဖြင့် အစားထိုးဖြည့်ဆည်းသွားနိုင်ရေး၊ ကြက်ဆူဆီကြိတ်စက်များကိုလည်း အခြားနယ်မြေဒေသများနည်းတူ တည်ထောင်ပြီး စနစ်တကျ စီမံဆောင်ရွက်ထားရှိရေး မှာကြားလိုကြောင်း။

ဒေသခံတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များ တင်ပြသည့် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိနိုင်ရေးအတွက် တာချီလိတ်မြို့ ပတ်ဝန်းကျင်ရှိ နန့်နမ်းချောင်းနှင့် မယ်ဟုတ်ချောင်းတို့မှ ရေအားလျှပ်စစ် ထုတ်ယူရရှိနိုင်ရေးနှင့် ပတ်သက်၍ ဌာနဆိုင်ရာများက နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းစီမံတင်ပြဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပြုစုပျိုးထောင်**

လူမှုရေးကဏ္ဍတွင် ပညာရေး၊ ကျန်းမာရေးအပိုင်း၌ အိမ်နီးနားချင်းနိုင်ငံများထက် အဆင့်အတန်းမြင့်မြင့်ဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်များနှင့်အညီ အစဉ်တိုးတက်မြင့်မားနေအောင် အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ ဒေသအတွင်း မူးယစ်ဆေးဝါးလုံးဝ ကင်းစင်ပပျောက်ရေးအတွက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသားများအား အသိပညာပေးခြင်းဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ နိုင်ငံတော်က အားထားရသော ဘက်စုံပညာ ထူးချွန်ထက်မြက်ပြီး မှန်ကန်စွာ တွေးခေါ်မြော်မြင်တတ်သော နိုင်ငံ့မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် မိဘပြည်သူများက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မွန်းတည့် ၁၂ နာရီတွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တာချီလိတ်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ တာချီလိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးမြင့်က ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)က ချမှတ်လိုက်သည့် ရှေ့လုပ်ငန်းစဉ်များကို ထိရောက်ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရေး၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အတူ လက်တွဲညီညီ ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် တာချီလိတ်မြို့နှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် မြန်မာ–ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၁)၏ အဝင်၊ အထွက်ဂိတ်သို့ သွားရောက်ကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံမှပြည်သူများအား နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် ယာယီ နယ်စပ်ဖြတ်သန်းခွင့် စိစစ်ခွင့်ပြုခြင်း အခြေအနေနှင့် ကွန်ပျူတာဖြင့်ဆောင်ရွက်သည့် e-Enterance စီစဉ်ဆောင်ရွက်မှုအခြေအနေ၊ ရုံးအဆောက်အအုံဆောက်လုပ်မည့် မြေနေရာနှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ကြည့်ရှုစစ်ဆေးရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဝင်းက လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ကြပ်မတ်ဆောင်ရွက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဌာနဆိုင်ရာလုပ်ငန်းတာဝန်များကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အမျိုးသားရေးအမြင်ဖြင့် တာဝန်သိသိသစ္စာရှိရှိ ကြိုးပမ်းထမ်းဆောင်ကြရေး၊ တစ်ဖက်နိုင်ငံဘက်မှ လာရောက်ကြသည့် ဧည့်သည်များကို ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ပေးရေး၊ တရားမဝင်သွားလာဝင်ထွက်မှု မရှိရေးအတွက် တာဝန်ရှိသည့် ဌာနဆိုင်ရာအသီးသီးက ပေါင်းစပ်ပြီး စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားသည်။

**ဖြည့်စွက်ရှင်းလင်း**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တာချီလိတ်မြို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ ရဲမှူးဝင်းကြည်က ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက်လိုသော မြန်မာအလုပ်သမားများအား နိုဝင်ဘာ ၆ ရက်မှ စတင်၍ နေ့ချင်းပြီး နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ထိုင်းနိုင်ငံသို့ အမှန်တကယ် အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြမည့်သူများအား အဓိကထားပြီး နိုင်ငံကူးလက်မှတ်ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ထုတ်ပေးသွားရေးနှင့် စည်းမျဉ်း၊ စည်းကမ်းနှင့် ကိုက်ညီမှုမရှိသူများ ပါဝင်ခြင်းမရှိစေရေး တာဝန်ရှိသူတို့က အဆင့်ဆင့်ကြပ်မတ်စိစစ်ဆောင်ရွက်သွားကြရန် မှာကြားသည်။

**ရေစက်သွန်းချ အမျှပေးဝေ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ သွားရောက်၍ ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ နဂါးနှစ်ကောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိအား ဖူးမြော်ကြည်ညို၍ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

**လိုအပ်သည်များမှာကြား**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ တာချီလိတ်လေဆိပ်အနီး မြေ ၁၀ ဧက၌ အကောက်ခွန်ဦးစီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနနှင့် တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့တို့ စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားသည်။

**ဆက်လက်ထွက်ခွာ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် မိုင်းဖြတ်မြို့သို့ ရောက်ရှိကြသည်။

**(သတင်းစဉ်)**





## ဖူးမြော်ကြည်ညို

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ နဂါးနှစ်ကောင်ကျောင်း ဆရာတော် ဘဒ္ဒန္တ ဓမ္မသီရိအား ဖူးမြော်ကြည်ညိုစဉ်။** (သတင်းစဉ်)

**မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အမှတ် ၁၃ မြေညီထပ် ကျွန်းတောကျောင်းလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဒေါ်တင်ကြည်မိသားစု၏ ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို ကျောင်းအမှုဆောင် ဒေါ်ကေသက်မော်က လက်ခံယူပြီး ကျောင်းအကျိုးတော်ဆောင် ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက အရှင်ဂန္ဓသာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က–ပ)



## အောင်ခေမာဆရာတော် မိုးကုတ်စခန်းပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

သန်လျင်မြို့ အောင်ချမ်းသာ(၂) မိုးကုတ်ရိပ်သာ ပဓာန နာယကအဖွဲ့ချုပ်နယ်လှည့်သာသနာပြုဓမ္မကထိက ဘဒ္ဒန္တခေမာစာရ(အောင်ခေမာ ဆရာတော်) အရှင်သူမြတ်သည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်များကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ဟင်္သာတမြို့ မိုးကုတ်ရိပ်သာတွင်လည်းကောင်း၊ ဒီဇင်ဘာ ၇ ရက်မှ ၁၃ ရက်အထိ သောင်ကြီးကျောင်းမိုးကုတ်ရိပ်သာ လှိုင်သာယာမြို့နယ်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ အောင်ချမ်းသာ(၂) မိုးကုတ်ရိပ်သာ သန်လျင်မြို့၌လည်းကောင်း ခန္ဓာဉာဏ်ရောက် သဘောပေါက်အောင် ဟောကြားပြသမည်ဟု သိရသည်။ **(က–ပ)**

## တိုင်းရင်းဆေးဖြင့် နိုင်ငံတည်

တိုင်းပြည်အကျိုး၊ ရှက်သယ်ပိုးစဉ်
အမျိုးဂုဏ်ဟန်၊ ဓာတ်မာန်တွက်
ဓွဲသန်ကြိုးပမ်း၊ ရှေ့သို့လှမ်းရင်း
လန်းဆန်းတက်ကြွ၊ မြတ်ပုညနှင့်
ဒါနကုသိုလ်၊ ကောင်းမှုပို၍
မင်္ဂလိနိဗ္ဗာန်၊ ရောက်ကြောင်းမှန်သား
မြန်တိုင်းဌာနီ၊ တိုးတက်စည်ပင်
ပြည်ခွင်သာစွ၊ ပစ္စက္ခဝယ်
ဘယကင်းဝေး၊ တိုင်းရင်းဆေးဖြင့်
ငြိမ်းအေးစေမည်၊ နိုင်ငံတည်ခဲ့
ကြည်လင်မြတ်ရေး၊ ဩဇာလေးနက်
ဆေးတစ်ခွက်ပင်
ဘေးထွက်အဆိုး၊ မကောင်းကျိုးကင်း
အဆင်းမရှိ၊ အချင်းရှိသော
ဘမိဘိုးဘေး၊ အမွေပေးသည့်
ဆေးစစ်ဆေးမှန်
အမျိုးမှန်တွေး၊ ဖိုးတန်ရေးတွက်
ထက်သန်တိုးပွား၊ အကျိုးများဖို့
ကြိုးစားကြလို့ ဝိုင်းဝန်းစို့။ ။

**ဆွေဦးလွင်**

(သတ္တမအကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို
ဂုဏ်ပြုလျက်–)

25-11 (03) 1 11/25/06, 1:21 PM

# ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တရုတ်နိုင်ငံတွင် တည်ဆောက်မည်

လန်ကျိုး နိုဝင်ဘာ ၂၄

**ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ် ရှန်ဟောင်မြို့၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသအစိုးရသတင်းရပ်ကွက်များက နိုဝင်ဘာ ၂၂ ရက်က ထုတ်ဖော်ပြောကြားသည်။**

မဂ္ဂါဝပ် ၁၀၀ ထုတ်လုပ်နိုင်မည့် အဆိုပါစီမံကိန်းသည် တည်ဆောက်မှုအတွက် ခန့်မှန်းခြေအားဖြင့် ယွမ် ၆ ဒသမ ဝ၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၆၅ သန်း) ကုန်ကျမည်ဖြစ်ပြီး ငါးနှစ်အတွင်း အပြီး တည်ဆောက်နိုင်လိမ့်မည် ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါမြို့ အာဏာပိုင်အဖွဲ့သည် တရုတ်စွမ်းအင်ကုမ္ပဏီတစ်ခုဖြစ်သည့် ဖောင်ဂေါ်နှင့် စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးထားသည်။

ယင်းနေရောင်ခြည် စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ အကျယ်အဝန်းမှာ စတုရန်းမီတာ ၃၁၂၀၀ ကျယ်ဝန်းသည်။

## တပ်ဆင်

လက်ရှိ ကမ္ဘာ့အကြီးဆုံးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံသည် ဂျာမနီနိုင်ငံ လိပ်ဇစ်၌ရှိပြီး ၅ မဂ္ဂါဝပ်သာထုတ်လုပ်နိုင်ပြီး ဆိုလာပြား ၃၃၅၀၀ တပ်ဆင်ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ် သွင်းကုန် ပို့ကုန် အကောက်ခွန်များကျဆင်း

**ဟနွိုင်း နိုဝင်ဘာ ၂၄**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ ဖြစ်လာပြီးနောက်တွင် ဗီယက်နမ်နိုင်ငံ၏ သွင်းကုန်ပို့ကုန် အကောက်ခွန်နှုန်းသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၃၁၄ ဒသမ ၅ သန်းကျဆင်းလာမည်ဖြစ်ကြောင်း ပြည်တွင်းထုတ် အင်ဗတ်မင့်သတင်းစာတွင် နိုဝင်ဘာ ၂၀ ရက်က ဖော်ပြသည်။

## ကျဆင်းလာ

ကမ္ဘာ့ကုန်သွယ်မှုအဖွဲ့၌ ဗီယက်နမ်နိုင်ငံအနေဖြင့် သွင်းကုန်အခွန်နှုန်းမှာ ငါးနှစ်မှ ခုနစ်နှစ်အတွင်း ၁၇ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၄ ရာခိုင်နှုန်းထိကျဆင်းလာမည်ဖြစ်သည်။

## အခွန်လျှော့ချ

ဗီယက်နမ်နိုင်ငံအနေဖြင့် အခွန်လျှော့ချမှုတွင် အထည်အလိပ်၊ အဝတ်အစားနှင့် ချည်ကုန်ကြမ်းများ၊ သားငါးကဏ္ဍနှင့် ဝါ၊ စက္ကူ၊ စက်ပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းတို့ပါဝင်သည်။

ငါးနှစ်တာကာလအတွင်း သွင်းကုန်ခွန်များအနက် လယ်ယာထုတ်ကုန်လျော့ကျမှုမှာ ၂၃ ဒသမ ၅ ရာခိုင် နှုန်းမှ ၂၀ ဒသမ ၉ ရာခိုင်နှုန်း၊ စက်မှုထုတ်ကုန်ခွန်လျော့ကျမှု ၁၆ ဒသမ ၈ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၆ ရာခိုင်နှုန်းထိ လျော့ကျလာမည်ဖြစ်သည်။

## ဖော်ပြ

သို့သော် လက်ရှိအဓိက ကုန်ထုတ်လုပ်ငန်းများမှာ လယ်ယာထွက်ကုန်၊ ဘိလပ်မြေ၊ စတီးပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့ဖြစ်ကြောင်း သကြား၊ ကြက်ဥ၊ ဆေးရွက်ကြီးနှင့်ဆားတို့မှာလည်း အဓိကသွင်းကုန်ဖြစ်လာနိုင်ကြောင်း အဆိုပါသတင်းတစ်ရပ်၌ ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပသော ၂၀၀၆ ခုနှစ် သစ်သီးဝလံပြပွဲ၌ သီးနှံများ ခင်းကျင်းထားမှုကို နိုဝင်ဘာ ၂၃ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# နှစ်နိုင်ငံဗီဇာကန့်သတ်ချက် လျှော့ချရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တောင်ကိုရီးယားသမ္မတနှင့် ကမ္ဘောဒီးယားဝန်ကြီးချုပ်တို့ သဘောတူညီ

ဖနောင်ပင် နိုဝင်ဘာ ၂၄

**နှစ်နိုင်ငံဗီဇာ စည်းကမ်းသတ်မှတ်လျှော့ချရေးနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သတင်းပြန်ကြားရေးနှင့် လမ်းစဉ်များကောင်းမွန်တိုးတက်ရေးတို့အပြင် အလုပ်သမားများ အပြန်အလှန်စေလွှတ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရန် ကမ္ဘောဒီးယားနှင့် တောင်ကိုရီးယားအစိုးရတို့က သဘောတူညီချက်သုံးရပ်ကို နိုဝင်ဘာ ၂၀ ရက်က ဖနောင်ပင်မြို့၌ လက်မှတ်ရေးထိုးလိုက်ကြသည်။**

အဆိုပါ သဘောတူညီမှုကို ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်နှင့် အလည်အပတ်ရောက်ရှိနေသောတောင်ကိုရီးယားသမ္မတ နိုမူဟွန်းတို့က လက်မှတ်ရေးထိုးခဲ့ကြသည်ဟု ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးဖြစ်သည့် ခန်ယူခန်ရာရစ်က ပြောကြားသည်။

## ပိုမိုရရှိလာ

သဘောတူညီချက်အရ ကမ္ဘောဒီးယားနိုင်ငံသားများအနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် အလုပ်သွားရောက်လုပ်ကိုင်ရန် အခွင့်အရေး ပိုမိုရရှိလာမည် ဖြစ်သည်။

## ထုတ်ချေးမည်

ထို့အပြင် တောင်ကိုရီးယားနိုင်ငံက ကမ္ဘောဒီးယားနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ ဘီလီယံ ချေးငွေတစ်ရပ်ကိုလည်း ထုတ်ချေးမည်ဖြစ်သည်။ ထိုငွေမှာ ကမ္ဘောဒီးယားနိုင်ငံ အမှတ် (၃) လမ်းမကြီး ဖောက်လုပ်ရန်နှင့်အခြား တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရေးတို့၌ သုံးရန်ဖြစ်သည်။

## အပြန်အလှန်ပူးပေါင်း

တစ်ဖန် နှစ်နိုင်ငံတို့အနေဖြင့် မဟာဗျူဟာကျကျအပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန်လည်း သဘောတူညီခဲ့ကြသည်။ တောင်ကိုရီးယားသမ္မတ နိုမူဟွန်းသည် ၁၉၉၇ ခုနှစ်မှ စတင်ကာ ပထမဆုံးလာရောက်သည့် တောင်ကိုရီးယား ထိပ်တန်းခေါင်းဆောင်တစ်ဦးလည်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ကမ္ဘာ့ဈေးအကြီးဆုံး စိန်လည်ဆွဲ



**ကမ္ဘာပေါ်တွင်ဈေးအကြီးဆုံး စိန်လည်ဆွဲတစ်ခုကိုပြသနေစဉ်။** (ယာပုံ)

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ခင်းကျင်းပြသလျက်ရှိသော ကျောက်မျက်ရတနာပြပွဲ၌ ပြသထားသော စိန်လည်ဆွဲတစ်ခု၌ တပ်ဆင်ထားသော စိန်တစ်ပွင့်မှာ အလေးချိန် ၁၀၀ ကရက်ရှိပြီး တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၂၇ ဒသမ ၅ သန်း တန်ဖိုးရှိသဖြင့် ကမ္ဘာပေါ်၌ ဈေးအကြီးဆုံး စိန်လည်ဆွဲဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



## ရွှေဖြင့်ပြုလုပ်ထားသော ဂိတ်တံခါး

**ရွှေသားစစ်စစ်များဖြင့် ပြုလုပ်ထားသော ဂိတ်တံခါးဝတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိပြပွဲတစ်ခု၌ ရွှေသားစစ်စစ်ဖြင့်ပြုလုပ်ထားသော ဂိတ်တံခါးပေါက်တစ်ခုကို ပြသထားရာ အဆိုပါဂိတ်တံခါးသည် အမြင့်နှစ်မီတာရှိပြီး တန်ဖိုးငွေယွမ် သန်း ၁၀၀ ခန့် တန်ဖိုးရှိကြောင်း သိရသည်။

**(အင်တာနက်)**

# ကာဂျစ်စတန်မှ ဂျုံများ အီဂျစ်တင်သွင်းမည်

**ကိုင်ရို နိုဝင်ဘာ ၂၄**

အီဂျစ်နိုင်ငံအနေဖြင့် အမေရိကန်ဒေါ်လာ ၂၈ သန်း တန်ဖိုးရှိသော ဂျုံတန်ချိန် ၁၂၀၀၀၀ ကို ကာဂျစ်စတန်နိုင်ငံမှတင်သွင်းရန် စာချုပ်တစ်ရပ်ကို နိုဝင်ဘာ ၂၁ ရက်၌ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

## လက်မှတ်ရေးထိုး

ယခုကဲ့သို့ ဂျုံတင်သွင်းမှု သဘောတူလက်မှတ် ရေးထိုးခြင်းကို အီဂျစ် ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီး ရာဂျစ်မိုဟာမက်နှင့် ကာဂျစ်စတန်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးနှင့်အတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

## သဘောတူညီ

ထိုသို့လက်မှတ်ရေးထိုးခြင်းမှာ နှစ်နိုင်ငံအကြား ပထမဆုံးအကြိမ် သဘောတူညီမှု လက်မှတ်ရေးထိုးခြင်းလည်းဖြစ်သည်။ ယခုသဘောတူညီမှုမှာ မကြာမီအချိန်က အီဂျစ်သမ္မတ ဟို့စ်နီမူဘာရက်အနေဖြင့် ကာဂျစ်စတန်နိုင်ငံသို့ အလည်အပတ်ခရီးစဉ်အတွင်း ရရှိခဲ့ခြင်းဖြစ်သည်ဟု ရာဂျစ်မိုဟာမက်က ပြောကြားသည်။

## ပြန်လည်တင်ပို့

အီဂျစ်နိုင်ငံကလည်း ကာဂျစ်စတန်နိုင်ငံသို့ ဆေးဝါး၊ အထည်အလိပ်၊ ပရိဘောဂပစ္စည်းနှင့် ကော်ဇောများကို ပြန်လည်တင်ပို့မည်ဖြစ်သည်။ နှစ်နိုင်ငံအနေဖြင့် နှစ်ပတ်လည် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ သန်း ၁၇၀ အထိ ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ပဌာန်းတရားတော် (၂၃)ကြိမ်မြောက် ပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိမင်္ဂလာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ (၂၃)ကြိမ်မြောက် ပဌာန်းတရားပွဲတော်ကို ဒီဇင်ဘာ ၂၀ ရက်မှ ၂၅ ရက်အထိ ဘဒ္ဒန္တအဂ္ဂဝံသ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ) ပဓာနနာယက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ပဌာန်းရွတ် သံဃာ ၂၄ ပါးနှင့် ပင့်သံဃာတော် ၇၅ ပါးတို့ဖြင့် ကျင်းပမည်ဖြစ်ရာ တရားပွဲတော် ရက်များအတွင်း ဆွမ်း ဘောဇဉ် အချိုရည်စသည် လှူဒါန်းလိုသူများ ဖုန်း–၅၄၅၈၃၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ပျူတာ၊ ပရင်တာနှင့်လေအေးပေးစက်များ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ကွန်ပျူတာနှင့် ပရင်တာ၁၀စုံ၊ လေအေးပေးစက်ငါးလုံးနှင့် မိတ္တူကူးစက်တစ်လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ နီကိုးကန်တော်ကြီးဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာကွမ်မုထံမှ အဆိုပါပစ္စည်းများကို လက်ခံသည်။ အဆိုပါ လှူဒါန်းပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာအောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ ဗုဒ္ဓဂယာမဟာဗောဓိ သိမ်တော်မြတ် စေတီတော်တည်ထားကိုးကွယ်ဆောက်လုပ်ရန်အတွက် (ဦးအဖျင်း)အားရည်စူး၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ရှမ်းကုန်းလမ်း အမှတ် ၄၇ နေ ဒေါ်ရင်မေနှင့် သားသမီးမြေး မိသားစုက အလှူငွေကျပ် ခုနစ်သိန်းကို မုခ်ဦးအတွက် အမှူးဆောင်ဆရာတော် အရှင်ဝိနယဝံသမေဒနီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

**နိုဝင်ဘာ ၂၄ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော HIV/AIDS တီဘီရောဂါ နာတာရှည် ဝေဒနာသည်များအား အိမ်တိုင်ရာရောက် စောင့်ရှောက်မှုပေးခြင်း နည်းပြသင်တန်းဖွင့်ပွဲကို အသင်းရုံး၌ ကျင်းပရာ မြို့နယ်အသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင် အဖွင့်အမှာစကားပြောကြားစဉ်။** (က–ပ)





## မျက်စိခွဲစိတ်ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဂျပန် JGGA Japan's Grassroots Grant Assistance နှင့် Helen keller International တို့က ရန်ကုန်မြို့ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးသို့ မျက်စိခွဲစိတ်ပစ္စည်းကိရိယာများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက်က မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Takashi Okuma နှင့် Helen keller International မှ Dr. Roytjiong တို့က JGGA စီမံကိန်းအရ အမေရိကန်ဒေါ်လာ ၉၂၂၃၈ တန်ဖိုးရှိ မျက်စိခွဲစိတ်ပစ္စည်းကိရိယာများကို ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာကျော်လင်းထံ ပေးအပ်လှူဒါန်းကြပြီး**(အပေါ်ပုံ)** မြောက်ဥက္ကလာပပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီး မျက်စိရောဂါပညာဌာနမှ ပါမောက္ခ ဌာနမှူး ဒေါက်တာမြအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင်များနှင့် ဧည့်သည်များသည် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံကြီးရှိ မျက်စိခွဲစိတ်ခန်းကို ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့်ကိစ္စများမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် နိုဝင်ဘာလအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)**

**၂၆–၁၁–၂၀၀၆ရက်နေ့**

**၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွက်**

**၁၀–၁၂–၂၀၀၆ရက်နေ့ နှင့် ၃၁–၁၂–၂၀၀၆ရက်နေ့**

## အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ ကမ္ဘောဇအသင်း ဂိုးပြတ်အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း(မြန်မာလိဂ်)အမှတ်ပေးဘောလုံးပြိုင်ပွဲကိုယနေ့ ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ဆက်လက် ကျင်းပရာ ကမ္ဘောဇအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းကို လေးဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

အမှတ်ပေးဇယား ဒုတိယနေရာ၌ ရပ်တည်လျက်ရှိသော ကမ္ဘောဇအသင်းက ခြေစွမ်းပြကစားပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကမ္ဘောဇအသင်းအတွက် အနိုင်ဂိုးများကို ရဲမောင်မောင်က နှစ်ဂိုး၊ အေးဆန်းနှင့် ကျော်သီဟတို့က တစ်ဂိုးစီသွင်းယူပေးသည်။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို နိုင်နိုင်လင်းက သွင်းယူပေးသည်။

**ယနေ့ပွဲ**

နိုဝင်ဘာ ၂၅ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ လျှပ်စစ်စွမ်းအားအသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။ **(မြန်မာ့အလင်း)**

## အင်တာနက် သတင်းနှင့်ဓာတ်ပုံ

## အယ်လ်ဇိုင်းမားရောဂါစမ်းသပ်ရေး အထောက်အကူပြုမည့်တွေ့ရှိချက်

အယ်လ်ဇိုင်းမားရောဂါသည်များ၏ ဦးနှောက်များတွင် မည်သည့်အတွက် အဆိပ်အတောက်များ တည်ရှိလာပုံကို သုတေသီတို့ သိရှိနားလည်အောင် စမ်းသပ်တွေ့ရှိချက်တစ်ခုက အထောက်အကူပေးကောင်းပေးနိုင်သည်ဆို၏။

**မသဲကွဲ**

အယ်လ်ဇိုင်းမားရောဂါသည် ဦးနှောက်အတွင်း၌ အမိုင်လွိုက်ဘီတာ ပရိုတိန်းများ စုလာသည်။ သို့သော် ခန္ဓာကိုယ်က များများစားစား ထုတ်လုပ်ပေးသည် သို့မဟုတ် ဖျက်ဆီးပစ်သည်ဆိုခြင်းမှာ မသဲကွဲပေ။

**ဖော်ပြ**

သို့သော် ထိုပရိုတိန်းကို ကာဗွန်အိုင်ဆိုတုပ်နှင့်ရောလိုက်ခြင်းအားဖြင့် ဆရာဝန်များအနေဖြင့် ပြောင်းလဲလာမှုနှုန်းကို တိုင်းတာနိုင်မည်ဖြစ်ကြောင်း နေးချားဆေးဝါးဂျာနယ်တွင် ဖော်ပြထားသည်။

ဤစမ်းသပ်တွေ့ရှိမှုက အယ်လ်ဇိုင်းမားရောဂါ ရှာဖွေရေးနှင့် ကုသရေးတွင် အထောက်အကူပြုစေနိုင်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်သည်။ **(ကိုးကား–အင်တာနက်)**



## ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်

**(၁–၁၂–၂၀၀၆) မှ (၇–၁၂–၂၀၀၆)**

**World AIDS Campaign**

**(1-12-2006-7-12-2006)**

**အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ အားလုံးပါဝင်ဆောင်ရွက်စို့**

**“Stop AIDS, Keep The Promise”**

**ကျန်းမာရေးဝန်ကြီးဌာန။**

## ခါးပိုက်နှိုက်သန်းဇော်ဌေးအား မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်းဖမ်းဆီး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း မီးပွိုင့်အနီး၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ခါးပိုက်နှိုက်တရားခံတစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း မီးပွိုင့်၌ အမှတ်(၈၀)သန်မြန်သူ မော်တော်ယာဉ်ပေါ်မှ ခါးပိုက်နှိုက်တစ်ဦး ပြေးဆင်းသွားသဖြင့် ခရီးသည်များက အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ကမ္ဘာအေးစေတီလမ်း မီးပွိုင့်အနီး တာဝန်ထမ်းဆောင်နေကြသော ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ပူးပေါင်း၍ အဆိုပါ ခါးပိုက်နှိုက်အား ဖမ်းဆီးခဲ့ကြသည်။

ခါးပိုက်နှိုက်တရားခံမှာ ရန်ကုန်မြို့ ကြည့်မြင်မြို့နယ် ဝါဝါဝင်းရပ်ကွက် မင်္ဂလာသုခလမ်းနေ သန်းဇော်ဌေး အသက်(၂၂)နှစ် ဆိုသူဖြစ်ပြီး တရားခံထံမှ ခါးပိုက်နှိုက်ထားသည့် ငွေကျပ်နှစ်သောင်းနှင့် အရိုးအသွား ၁၀ လက်မခန့်ရှိ စကောဘာတစ်ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် တရားခံအား ထိရောက်သောပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် မရမ်းကုန်းမြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လူမှုရေးအဖွဲ့ဝင်များ မြောင်းမြအကျဉ်းထောင်သို့ ဆေးပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

ပြည်တွင်းလူမှုရေးအသင်း အဖွဲ့များမှ အဖွဲ့ဝင်များသည် မြောင်းမြအကျဉ်းထောင်သို့ နိုဝင်ဘာ ၁၇ရက် နံနက် ၉နာရီခွဲတွင် သွားရောက်၍ အမျိုးသမီးဆောင်၊ ထောင်ကျဆောင်၊ အချုပ်ဆောင်နှင့် ဆေးရုံဆောင်များကို ကြည့်ရှုလေ့လာကြပြီး အကျဉ်းသား၊ အကျဉ်းသူများကို အားပေးစကားပြောကြားခြင်း၊ အကျဉ်းသား၊ အကျဉ်းသူများ၏ မိသားစုများထံ စာရေးသားဆက်သွယ်နိုင်ရန် လိုအပ်သည်များကို ကူညီပေးခြင်း၊ ငွေကျပ် ၁၁၀၀၀၀တန်ဖိုးရှိ အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါးများကို လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **ကျောဖုံးမှ**

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံများစိုက်ပျိုးရေး လယ်ယာလုပ်ငန်းများတွင် လက်တွန်းလယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ ခြွေလှေ့စက်များ တိုးချဲ့ အသုံးပြုရေး၊ ကချင်ပြည်နယ်တွင် သယံဇာတပေါကြွယ်ဝသဖြင့် ဒေသစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများစွာရှိကြောင်းနှင့်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်တိုင် ပါဝင်လုပ်ဆောင်မှသာ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်ပူပေါင်း၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရန်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆေးဝါးများနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၆သိန်းကို မိုးကောင်းမြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာစိန်လင်းထံလည်းကောင်း၊ ကျောင်းဝတ်စုံများကို မိုးကောင်းမြို့နယ် ပညာရေးမှူး ဒေါ်ဝင်းကြည်ထံလည်းကောင်း ပေးအပ်လှူဒါန်းသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး မိုးကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မန္တလေး–ရွှေဘို–မြစ်ကြီးနားလမ်း၏ မိုးကောင်းမြို့နယ်ရှိ မိုးကောင်းတံတားသို့ ရောက်ရှိကာ ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးကောင်းတပ်နယ်သို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တပ်ရင်း၊ တပ်ဖွဲ့အလိုက် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

**ထောက်ပံ့ပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အရာရှိ၊ စစ်သည် မိသားစုဝင်များအား ဆေးဝါးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားသို့ဆက်လက်ထွက်ခွာလာရာ လွယ်ခါကျေးရွာအနီးရှိ ဦးကရိုင်လဆန်နှင့် ဦးရှဒေါင်ဘရန်နူးတို့၏ ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကို ဝင်ရောက်ကြည့်ရှုအားပေးသည်။

**ဆက်လက်စိုက်ပျိုး**

အဆိုပါ ကျွန်း၊ ပျဉ်းကတိုးစိုက်ခင်း ဧက၁၅၀၀တွင် ကျွန်းဧက၆၀၊ ပျဉ်းကတိုးဧက၃၀ စိုက်ပျိုးပြီးဖြစ်၍ ကျန်ဧကများကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–ဝိုင်းမော်–ဝါရှောင်–ဆဒုံးလမ်း၏ ဝိုင်းမော်မြို့ရှိ မြစ်ကြီးနား–ဝိုင်းမော်–ချီဖွေ–ဇန်းမော်လမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

**ဝါရှောင်ရေလွှဲဆည်ကြည့်ရှု**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဝါရှောင်ရေလွှဲဆည်သို့ ရောက်ရှိ၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား–ဝါရှောင်–ဆဒုံးလမ်းသစ် လမ်းဆုံသို့ရောက်ရှိပြီး မြေသားလမ်းဖောက်လုပ်ပြီးစီးမှုနှင့်ကျောက်ခင်းရန်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်သည်များမှာကြား**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနား– ဝိုင်းမော်– ဝါရှောင်– ဆဒုံးလမ်းသစ် လမ်းတစ်လျှောက်၌ မြေသားလမ်းခင်းကျင်းပြီးစီးမှုနှင့် နန့်မောခချောင်း (နမော်ယံ)ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ စက်ယန္တရားများဖြင့် မြေညှိလမ်းခင်း၊ ကျောက်ကမ်းပါးယံဖြိုချဆောင်ရွက်မှုလုပ်ငန်း အခြေအနေများကိုလည်းကောင်း၊ ဘွန်တောင်ကျေးရွာအနီးလမ်းခင်းနေမှုနှင့် နမ့်လစ်ချောင်းကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှု၊ မြေထိန်းနံရံများ တည်ဆောက်ထားရှိမှုနှင့်ဆိုင်လော်ချောင်းကူးတံတား အခြေအနေတို့ကိုလည်းကောင်း၊နမ့်လီခချောင်း ကွန်ကရစ်တံတားတည်ဆောက်ပြီးစီးမှုနှင့် နမ့်လီခချောင်းရေစီးဆင်းမှု အခြေအနေတို့ကိုလည်းကောင်း၊ဆဒုံးမြို့အဝင် လမ်းဖောက်လုပ်မှု၊ မြေထိန်းနံရံတည်ဆောက်မှုနှင့် ဆဒုံးချောင်းကူးကွန်ကရစ်တံတား အခြေအနေတို့ကိုလည်းကောင်း၊ ဝိုင်းမော်–ဆဒုံးလမ်းသစ်နှင့် လမ်းဟောင်းဆုံရာ၌ ဌာနဆိုင်ရာရုံးများ ဆောက်လုပ်ရန် မြေနေရာ ရွေးချယ်ထားရှိမှုနှင့် ဆဒုံး–ကန်ပိုက်တီးလမ်း ဖောက်လုပ်ထားရှိမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**





# ပြန်ကြားရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး မြို့နယ်အဆင့်ဝန်ထမ်းများအဓိကကျ သင်တန်းပို့ချချက်များ အမှန်တကယ်သိအောင်ကြိုးစားပြီး လက်တွေ့နယ်ပယ်တွင် အသုံးချဆောင်ရွက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ကြိုးပမ်းစွမ်းဆောင်

နေပြည်တော် နိုဝင်ဘာ ၂၄

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ရှိ ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ သွားရောက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၀၆) ဖွင့်လှစ်ပို့ချနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသား သင်တန်းသူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ(၂)နာရီခွဲတွင် ပျဉ်းမနားခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့ ရောက်ရှိလာရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မြင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာများနှင့် ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးအောင်ခင်တို့က ကြိုဆိုကြသည်။

**အမှာစကားပြောကြား**

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ရုံးခန်းမ၌ ဖွင့်လှစ်ပို့ချနေသော လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း(အရာရှိ) အမှတ်စဉ် (၁/၂၀၀၆)မှ သင်တန်းသား သင်တန်းသူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဤသင်တန်းတွင် မြို့နယ်ဦးစီးမှူး ၄၁ ဦးအပါအဝင် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၃ဦးတို့ တက်ရောက်နေကြသည်ဟု သိရှိရကြောင်း၊ မြို့နယ်ဦးစီးမှူးများသည် အခြေခံအကျဆုံးသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဝန်ထမ်းများဖြစ်ကြောင်း၊ မိမိတို့၏ ပြန်ကြားရေးလုပ်ငန်းများ ပြည်သူများအကြား၌ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရေးသည် မြို့နယ်အဆင့်ဝန်ထမ်းများသည် အဓိကအကျဆုံးဖြစ်ကြောင်း။

**ဖွင့်လှစ်ပို့ချ**

ပြန်ကြားရေးဝန်ကြီးဌာန၏လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းလမ်းညွှန်ချက်၁၄ချက်ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ ယင်းအချက်များတွင် တစ်ချက်အပါအဝင်ဖြစ်သည့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ယခုကဲ့သို့ သင်တန်းများ ဖွင့်လှစ်ပို့ချထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသား သင်တန်းသူများသည် သင်တန်းက ပို့ချချက်များကို အမှန်တကယ် တတ်သိအောင်ကြိုးစားဆည်းပူးကြပြီး လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့အတူ ချမှတ်ပေးထားသောလုပ်ငန်းလမ်းညွှန်ချက်(၁၄)ချက်နှင့်အညီ လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန၏ တာဝန်များမှာ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်နှင့် ပညာပေးရန်ဟု အကျဉ်းအားဖြင့် သတ်မှတ်ထားကြောင်း၊ ယင်းတာဝန်များကို ကျေပွန်အောင်မြင်အောင် အလေးထား ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

**ရှင်းလင်းပြောကြား**

ထို့အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လတ်တလော အဓိကထား ဆောင်ရွက်ရမည်မှာ ထူထောင်ပြီးဖြစ်သော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ၅၀၀၀၀ ကျော်ကို ရေရှည်တည်တံ့ ခိုင်မြဲအောင် ကြိုးပမ်းဆောင်ရွက်ရေးပင်ဖြစ်ကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ရမည့် နည်းလမ်းငါးသွယ်နှင့် ပူးပေါင်းဆောင်ရွက်သွားရမည့် အားလေးအားတို့ကိုလည်း သတ်မှတ်ထားပြီးဖြစ်ရာ ယင်းတို့ကို အလေးထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် သင်တန်းသား သင်တန်းသူများအား တစ်ဦးချင်း ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ရုံးညှိခန်း၌ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသွားသည်။ **(သတင်းစဉ်)**



# မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အထိမ်းအမှတ် အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေး(၃/၂၀၀၆)အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၄

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အထိမ်းအမှတ် အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေး (၃/၂၀၀၆)အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးဌာနကြီးမှူး အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

**ဖတ်ကြားအတည်ပြု**

အစည်းအဝေးတွင် သဘာပတိ အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်း **(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့တွဲဖက်အတွင်းရေးမှူး ဒေါ်တင်မွေး(မွေးငယ်ငယ်)က ယခင်အစည်းအဝေး (၂/၂၀၀၆)မှတ်တမ်းကို ဖတ်ကြားအတည်ပြုသည်။

ဆက်လက်၍ အမျိုးသမီးရေးရာမဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ ဒုတိယခေါင်းဆောင် ဦးမျိုးသန့်(မောင်ဆုရှင်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်မြမြက မဂ္ဂဇင်းထုတ်ဝေရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသူများက အမျိုးသမီးရေးရာမဂ္ဂဇင်း မျက်နှာဖုံးပုံနှိပ်ခြင်း၊ စာမူနှင့်ကြော်ငြာစုဆောင်းမှုအခြေအနေနှင့် အချိန်မီပုံနှိပ်ပြီးစီးရေးအခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ သဘာပတိ မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ခေါင်းဆောင် ဒေါ်ကြည်ကြည်ဝင်းက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အမျိုးသမီးရေးရာမဂ္ဂဇင်းအမှတ်(၁၀)ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီး ပရိသတ်များ ပျော်ရွှင်ရယ်မော နှစ်ခြိုက်သဘောကျနေ

**သတင်းမြင်ကွင်း – မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ – သိန်းဝင်းလေး (မြန်မာ့အလင်း)**

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံရောက်တော့ မှောင်နေပြီဖြစ်သည်။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက တင်ဆက်သော သက်ကြီးရန်ပုံငွေပဒေသာကပွဲကျင်းပမည်ဖြစ်သဖြင့် ပရိသတ်အထူးများပြားစည်ကားလှသည်။



**မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးတွင် အကယ်ဒမီချိုပြုံးက"လှကမ္ဘာမြေ" သီချင်းဖြင့် ဖျော်ဖြေသည်။**
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ပြည်သူ့အချစ်တော်ရုပ်ရှင်အနုပညာရှင်များအားလုံး ပါဝင်သရုပ်ဆောင်ကြမည်ဖြစ်သဖြင့် အားပေးမည့် ပရိသတ်များ အမျိုးသားကဇာတ်ရုံအတွင်း ပြည့်လျှံလျက်ရှိသည်။ မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးမှ တာဝန်ရှိသူများကလည်း လိုအပ်ချက်များကိုလစ်ဟင်းမှုမရှိအောင် လိုက်လံဖြည့်ဆည်းပေးနေကြသည်ကို တွေ့ရသည်။

## သာယာနာပျော်ဖွယ်

အခမ်းအနားအစီအစဉ်အရ ပထမဦးဆုံး တေးဂီတအဆိုဖျော်ဖြေရေးအဖြစ် အကယ်ဒမီသုမောင်နှင့် သားဖြစ်သူဖိုးသောကြာတို့က**"ပန်းတွေနဲ့ဝေ"**နှင့် **"အချစ်"** သီချင်းများဖြင့် သီဆိုဖျော်ဖြေရာ အကယ်ဒမီသုမောင်၏ အသံကားဆွဲဆောင်မှုကောင်းဆဲ၊ သာယာနာပျော်ဖွယ်ကောင်းဆဲဖြစ်နေသည်ကို ခံစားရသည်။

နောက်အစီအစဉ်မှာ ဒါရိုက်တာညွန့်မြန်မာညီညီအောင်၏ **"လူဖြစ်ရတာ မလွယ်ပါလား"**ပြဇာတ်ဖြစ်သည်။ ကဇာတ်ရုံအတွင်း ပရိသတ်ကြားမှ ပြေးထွက်လာသောသရုပ်ဆောင်များကြောင့် ရုတ်တရက် ထိတ်လန့်သလိုဖြစ်သွားမိသည်။ လှည့်ပတ်ပြေးလွှားနေသော သရုပ်ဆောင်များ စင်မြင့်ပေါ်အရောက် မီးအဖွင့်မှာ ရာမမင်းအဖြစ် သရုပ်ဆောင်ထားသည့် မော့စ်နှင့်အခြွေအရံများပေါ်ထွက်လာတော့မှ သက်ပြင်းချမိသည်၊ ဒါရိုက်တာညွန့်မြန်မာညီညီအောင်၏ စိတ်ကူးဆန်းသစ်ချက်ပင်။

ယမမင်းမော့စ်ထံ ရောက်ရှိသွားသော ထွန်းထွန်း၊ရဲလေးနှင့်ဟဲဗီးဖြိုးတို့ကို အပြစ်မရှိ၍ လူ့ပြည်တွင် လူအဖြစ်ပြန်ဝင်စားရန် ယမမင်း မော့စ်က စေလွှတ်ရာမှ ချစ်စရာနှင့် ပွင့်တို့ လင်မယားစုံတွဲ၊ နေတိုးနှင့် ဆုပန်ထွာတို့၏ ချစ်သူစုံတွဲ၊ ဇာနည်နှင့် လှအဥ္စလီတင့်တို့၏ လင်မယား စုံတွဲ၊ ပေါ်လေးတို့၏စုံတွဲတို့တွင် ဝင်ရောက်ရန် အဆင်မပြေ ဖြစ်ကြပုံ နောက်ဆုံးထွန်းထွန်းဝင်းနှင့် ခင်မိုမိုအေးတို့၏ ဖန်ပြွန်သန္ဓေသား ကိုယ်ဝန်အတွင်း ဝိညာဉ်ဝင်ရောက်ခွင့်ရပြီး ခေါင်းချင်းဆက် ကိုယ်ချင်းဆက် အမြွှာမွေးဖွားလာပုံကို ဟာသပြကွက်များဖြင့် ပရိသတ်ပွဲကျအောင် တင်ပြထားခြင်းဖြစ်သည်။ ပရိသတ်များ ရယ်မော၍မဆုံး ဖြစ်ရသည်။



**မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးတွင် အကယ်ဒမီ ထွန်းအိန္ဒြာဗို လည်း ပါဝင်ဖျော်ဖြေတင်ဆက်သည်။**
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

## ချိုမြိန်

ပြဇာတ်ပြီးတော့ရုပ်ရှင်သရုပ်ဆောင် ချိုပြုံးက သီချင်းတစ်ပုဒ်သီဆို ဖျော်ဖြေတင်ဆက်သည်။ပရိသတ်အာရုံအပြောင်းအလဲအဖြစ် တင်ဆက်ခြင်းဖြစ်သည်။ ချိုပြုံး၏အသံကား ချိုမြဆဲပင်။

**ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်) ၏ "အစဆွဲထုတ်သူများ" ပြဇာတ်၌ ပါဝင်သရုပ်ဆောင်ကြသူများ။**
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)



## သုံးဗုံတစ်ဗုံ

ဒုတိယ ပြဇာတ်မှာ ဒါရိုက်တာ မောင်သီ၏ **သုံးဗုံတစ်ဗုံ** ပြဇာတ်၊ ပိတ်ကားအဖွင့်မှာ စေတီတစ်ဆူတွင် ဘုရားရှိခိုးနေသော လွင်မိုးကို တွေ့ရသည်။ သူတော်စင်တစ်ဦးက လွင်မိုး မကြာခင်သေဆုံးတော့မည်ကို သိသဖြင့် ဗုံလေးသုံးဗုံပေးပြီး ကျားဗုံ တီးလျှင် ကျားဘုံရောက်၊ မဗုံတီးလျှင် မဘုံရောက်ပြီး ကျားမ ဗုံတီးလျှင် ကျားမဘုံရောက်ကြောင်းပြောသဖြင့် ထိုအတိုင်းလုပ်ကြည့်ရာ မဗုံတီး၍ မဘုံ၌ နန္ဒာလှိုင်နှင့် တွေ့ပုံ၊ ကျားဗုံတီး၍ ကျားဘုံတွင် အရက်သမား ကင်းကောင်နှင့် သူတောင်းစား ဇေလုဝတို့နှင့်တွေ့ပုံ၊ကျားမဗုံတီးပြီး ကျားမဘုံတွင် ယောကျ်ားမဟုတ် မိန်းမ မဟုတ်သည့် ခိုင်သင်းကြည် ၊ ကုသိုလ်စသည်တို့နှင့် တွေ့၍ အဆင်မပြေဖြစ်ခဲ့ရမှုများကို ဟာသအပြော၊ ဟာသ ပြကွက်များဖြင့် ရွှင်ရွှင်မြူးမြူး ပြသတင်ဆက်သွားသဖြင့် ပရိသတ် တဝါးဝါး တဟားဟား ဖြစ်အောင် စွဲဆောင်သွားနိုင်ခဲ့သည်။

**မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးတွင် ပါဝင်သရုပ်ဆောင်သည့် ဟာသသရုပ်ဆောင် ချစ်စရာ၏ ဟန်အမူအရာ။** ဓာတ်ပုံ–သိန်းဝင်းလေး(မြန်မာ့အလင်း)



ထို့နောက် ၁၅မိနစ်ခန့်ခေတ္တနားပြီး တေးဂီတဖျော်ဖြေမှုအဖြစ် ဇော်ဝမ်းနှင့် နေအောင်တို့က တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။တစ်ဖန်တတိယ ပြဇာတ်အစီအစဉ်အဖြစ် ဒါရိုက်တာ အောင်မင်းသိမ်း၏ **"နတ်မင်းကြီးများ မနေနိုင်ပါ"**ပြဇာတ် တင်ဆက်သည်။

## ရွှင်မြူးအောင်

ရုပ်ရှင်နတ်မင်းကြီးအဖြစ် မိုးဒီ၊ ရုပ်ရှင်ရုံစောင့်နတ်အဖြစ် ကျော်ရဲအောင်နှင့် ထုတ်လုပ်သူ စောင့်နတ်၊ သရုပ်ဆောင် စောင့်နတ်၊ ပရိသတ်စောင့်နတ်၊ ဇာတ်လမ်း၊ ဇာတ်ညွှန်းစောင့်နတ်နှင့် ကင်မရာစောင့်နတ်တို့က သရုပ်ဆောင် ဖျော်ဖြေကြခြင်းဖြစ်သည်။ရုပ်ရှင်လောကကြီး တိုးတက်မြင့်မားလာရေးအတွက် နတ်သဘင် အစည်းအဝေးဖြင့် သရုပ်ဖော်ပုံ ပြကွက်များကို ပရိသတ်ရွှင်မြူးအောင် အသော၊ အဖောက်များဖြင့် တင်ဆက်ဖျော်ဖြေသွားသည်။

ပြဇာတ်အပြီး ရုပ်ရှင်သရုပ်ဆောင် ရဲအောင်က တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။ ရုပ်ရှင်သရုပ်ဆောင် ရဲအောင်သည် အဆိုကောင်းသူတစ်ဦးပင်ဖြစ်သည်။ ထို့နောက် ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **"အစဆွဲထုတ်သူများ"**ပြဇာတ် တင်ဆက်လေသည်။



**ကမ္ဘာဦးအစ မိန်းမလျှာအဖြစ် သားညီက ဤသို့ သရုပ်ဆောင်ထားသည်။**
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

ကမ္ဘာကြီးတွင် လူသား ဘယ်က စတင်ဖြစ်ပွားလာသည်ကို အနောက်တိုင်း ပညာရှင်များ၊ ကျောက်ခေတ်လူသားများ၊ ရောမခေတ်လူသားများစသည်တို့တွင် သရုပ်ဆောင်မင်းမော်ကွန်းက ဇဝအဖြစ်၊ မေတ္တာက ကျောက်ခေတ်လူသားအဖြစ်၊ ငှက်ပျောကြော်က အရှေ့တိုင်းပညာရှင်တစ်ဦးအဖြစ်၊ စိုးမြတ်သူဇာက ကျောက်ခေတ်လူသားအမျိုးသမီးတစ်ဦးအဖြစ်၊ မေသဥ္စာဦးက ကျောက်ခေတ်နှင့် ရောမခေတ်တို့တွင် ပါဝင်သော အမျိုးသမီးတစ်ဦးအဖြစ်၊ ဒွေး၊ ထွန်းအိန္ဒြာဗို၊ သားညီတို့ကလည်း ပရိသတ်သဘောကျအောင်သရုပ်ဆောင်ကြသဖြင့် ကဇာတ်ရုံအတွင်း ပရိသတ်တို့၏ လက်ခုပ်သံများ ဟည်းထနေသည်။

နောက်ဆုံးတွင် လူသားဘယ်က စဖြစ်သည်ကို တိတိကျကျ မသိရဘဲ ပဟေဠိတစ်ခုသဖွယ် ရှိနေသေးကြောင်းကို ရယ်ရွှင်ဖွယ်ရာတင်ဆက်သွားသဖြင့် ပရိသတ်အကြိုက်တွေ့သော ပြဇာတ်တစ်ခုအဖြစ် တွေ့ရသည်။

## အားပေးနှစ်ခြိုက်

မြန်မာ့ရုပ်ရှင် သက်ကြီးရန်ပုံငွေ ပဒေသာကပွဲကြီးကား အောင်အောင်မြင်မြင် တင်ဆက်ကပြနေဆဲဖြစ်ပြီး ပရိသတ်တို့၏ အားပေး နှစ်ခြိုက်မှုများကလည်း ညံမစဲရှိနေပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**



# လသာမြို့နယ် အမှတ်(၂) အထက်တန်းကျောင်း တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုချီးမြှင့်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏၂၀၀၅–၂၀၀၆ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီခွဲတွင်အဆိုပါကျောင်းရှိ မြညီလာခန်းမ၌ ကျင်းပသည်။

## တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်၊ မိဘဆရာအသင်း ဂုဏ်ထူးဆောင် နာယက ဒေါ်သဇင်နွယ်နှင့် နာယကများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အုန်းမြင့်နှင့် ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိဘဆရာအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိဘများ၊ ဆုရကျောင်းသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို ရွှေတံဆိပ်ဆုရှင် ကျောင်းသူလေးများက "မင်္ဂလာရှိသော မင်္ဂလာနေ့" တေးသီချင်းဖြင့် သီဆိုကပြ၍ ဖွင့်လှစ်သည်။

## ပေးအပ်ချီးမြှင့်

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးဒေါ်ခင်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မိဘဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကြင်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက မိဘဆရာအသင်း အမှုဆောင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများချီးမြှင့်ပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်ဝင်းက ဆရာမများအား ဂုဏ်ပြုဆုငွေကျပ်ကိုးသိန်းကို ပေးအပ်ချီးမြှင့်သည်။

## ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး**(အပေါ်ပုံ)**က ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံးအဆင့် ပထမရရှိသူ မအိအိလှိုင်၊ ဒုတိယရရှိသူ မမြသန္တာနှင့် တတိယရရှိသူ မချမ်းမြေ့မြေ့စိုးတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်မာမာဝေက မြန်မာတစ်နိုင်ငံလုံးအဆင့် ဆဋ္ဌမရရှိသူ မမေသူခိုင်၊ နဝမရရှိသူ မဝင်းလဲ့ဖြူနှင့် ဒသမရရှိသူ မဇင်မာထွန်းတို့အား လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့်တာဝန်ရှိသူများက ခြောက်ဘာသာနှင့် အောက်ဂုဏ်ထူးရရှိသူများအားလည်းကောင်း၊ မိဘဆရာအသင်း ဂုဏ်ထူးဆောင်နာယက ဒေါ်သဇင်နွယ်က ဘက်စုံပညာ ဘင်ခရာနှင့် တီးဝိုင်း ထူးချွန်ကျောင်းသူလေးများအားလည်းကောင်း ဆုများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင်ကျောင်းသူလေးများက လသာရတနာတေးဂီတအဖွဲ့နှင့် တွဲဖက်၍ "မှုန်ရွှေရည်"သီချင်း၊ "ဆီမီးခွက်ယိမ်း"အက၊ "ပန်းရည်ဘဏ်တိုက်"သီချင်း၊ "စန္ဒကိန္နရီ" အက စသည်တို့ဖြင့် သီဆိုကပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# အထက(၁)တာမွေ အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အထက(၁)တာမွေမှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများကို ၁၉၇၂–၇၃ ဝန်းကျင် ကျောင်းသူ ကျောင်းသားဟောင်းများက (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်း ပင်လုံခန်းမ၌ ဒီဇင်ဘာ ၁၇ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမောင်မောင်တီ (သချ်ာ) ဖုန်း–၅၅၂၀၅၄၊ ဒေါက်တာ တင်စံဦး ဖုန်း–၅၄၅၈၈၆၊ ဒေါက်တာသန်းသန်းစိုး ဖုန်း–၇၂၄၅၉၀၊ ဒေါ်အေးအေးသန်း ဖုန်း–၅၄၂၂၃၈၊ ၅၄၂၂၅၄၊ ဒေါ်ခင်အေးမြင့် ဖုန်း–၂၅၄၁၀၈နှင့် ဒေါ်နီနီမြင့် ဖုန်း–၅၄၂၄၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြပြီး နှစ်စဉ် တက်ရောက်ကြသော ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်အပူဇော်ခံကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

# နိုင်ငံတော်လွတ်လပ်ရေး ကြိုးပမ်းမှု နိုင်ငံသားတိုင်း သတိတရရှိစေရေး အမျိုးသားရေးဦးတည်ချက် အခြေခံပြီး အကြိုဟောပြောပွဲများကျင်းပ

❐ ရှေ့ဖုံးမှ

### တက်ရောက်

အဆိုပါ အစည်းအဝေးသို့ (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသော နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဝန်ကြီးချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးသည် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့်(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးအတွက် ပထမအကြိမ်ညှိနှိုင်းအစည်းအဝေး ဖြစ်ကြောင်း။

### နှစ်စဉ်မပျက်ကျင်းပ

လွတ်လပ်ရေး၏ အနှစ်သာရနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ တန်ဖိုးကို ပြည်သူတစ်ရပ်လုံးနှင့် အထူးသဖြင့် မျိုးဆက်သစ်လူငယ်များ သိရှိနားလည်ပြီး ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရေးအတွက် ယခုကဲ့သို့ လွတ်လပ်ရေးနေ့ အခမ်းအနားကို နှစ်စဉ်မပျက်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း။

### ဦးတည်ချက်(၄)ရပ်

နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် အောင်အောင်မြင်မြင် ကျင်းပနိုင်ရေး အတွက် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ကို အောက်ပါအတိုင်း ချမှတ်ပေးခဲ့ကြောင်း။

ယင်းတို့မှာ **(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ (ခ)ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်း ကာကွယ်ရေး၊ (ဂ) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ (ဃ) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့** ဖြစ်ကြောင်း။

ချမှတ်ပေးသည့် အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံရေး အနှစ်သာရရှိရှိဖြင့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အောက်ပါ အတိုင်း ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ (က) လွတ်လပ်ရေးနေ့မတိုင်မီ စက်ရုံ၊ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများတွင် အကြိုဟောပြောပွဲများပြုလုပ်ရန်၊ (ခ) နိုင်ငံတော် အလံလွှင့်ထူရန်၊ (ဂ) နိုင်ငံတော် အလံတင်အခမ်းအနားကျင်းပရန်၊ (ဃ) ပြည်နယ်၊တိုင်း၊ မြို့ကြီးများ၊ ခရိုင်များနှင့် မြို့နယ်များအလိုက် အားကစား ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပြပွဲများပြုလုပ်ရန်၊ (င) အများနှင့် သက်ဆိုင်သောရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကျောက်တိုင်နှင့် ပန်းခြံများတွင် မီးရောင်စုံထွန်းညှိရန်တို့ဖြစ်ကြောင်း။

### အဆင်ပြေချောမွေ့အောင်ဆောင်ရွက်

ထို့အပြင် မိမိတို့ဗဟိုကော်မတီအနေဖြင့် နေပြည်တော်တွင် ကျင်းပမည့် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပြီး အောက်ပါလုပ်ငန်းတာဝန်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက် သွားကြရန်ဖြစ်ကြောင်း၊ (က) နိုင်ငံတော်အလံတင်အခမ်းအနားကျင်းပရေး၊ (ခ) နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး၊ (ဂ) လွတ်လပ်ရေး နေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲ အခမ်းအနား ပြုလုပ်ရေးတို့ ဖြစ်ကြောင်း။

နိုင်ငံတော်အလံတင် အခမ်းအနားကို လွတ်လပ်ရေးနေ့ နံနက် ၄ နာရီမိနစ် ၂၀တွင်ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကျင်းပမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကိုလည်း ထိုနေ့နံနက် ၇နာရီတွင် ပြုလုပ်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ လွတ်လပ်ရေးနေ့ သဝဏ်လွှာကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖတ်ကြားမည်ဖြစ်ကြောင်း၊ ညနေပိုင်းတွင် လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကို နေပြည်တော်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း။

ထို့ပြင် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်ကို အများ ပြည်သူမြင်သာအောင် ဆိုင်းဘုတ်ကြီးများ ခံ့ညားထည်ဝါစွာရေးဆွဲပြီး သင့်တော် သည့်နေရာများတွင် လွတ်လပ်ရေးနေ့မတိုင်မီ ကြိုတင်စိုက်ထူထားရန် လိုအပ် ကြောင်း။

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး စည်ပင်သာယာရေးနယ်နိမိတ် အပါ အဝင် နိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့နယ်တိုင်းတွင် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အသီးသီးတို့က ဦးစီးပြီး လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ မိမိတို့ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အလိုက် မိမိတို့အစီအစဉ်ဖြင့် လွတ်လပ်ရေးနေ့မတိုင်မီ စက်ရုံ၊ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများတွင် လွတ်လပ်ရေးနေ့အကြို ဟောပြောပွဲများကို ကျင်းပရန်၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များနှင့် စပ်လျဉ်းသည့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ ဉာဏ်စမ်း ပဟေဠိ ဖြေဆိုပွဲများကို ကျင်းပရန်။

အကြိုဟောပြောပွဲများ၊ ပြိုင်ပွဲများ ကျင်းပရာတွင် အမျိုးသားရေးဦးတည် ချက်များကို အခြေခံ၍ နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းစဉ်ကို နိုင်ငံသား တိုင်း သတိတရရှိစေရေး လှုပ်ရှားဆောင်ရွက်ရန်။

နိုင်ငံတော်အလံတင် အခမ်းအနားကို နံနက် ၄ နာရီ မိနစ် ၂၀တွင် ကျင်းပ ရန်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် ကျင်းပရန်၊ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားရန်။

အများနှင့်သက်ဆိုင်သော ရုံးများ၊ ကျောင်းများ၊ အဆောက်အအုံများ၊ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကျောက်တိုင်နှင့် ပန်းခြံများတွင် မီးရောင်စုံ ထွန်းညှိရန်။

မြို့နယ်များ၊ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုများအလိုက် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများနှင့် ပြပွဲပြိုင်ပွဲများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းများ၊ လူမှုရေးအသင်းအဖွဲ့များ အင်အားကိုရယူလျက်ကျယ်ပြန့်စွာ ကျင်းပရန်အတွက် ညွှန်ကြားသွားရန်ဖြစ်ကြောင်း။

### စနစ်တကျ စီမံဆောင်ရွက်

ပြန်ကြားရေး ဆပ်ကော်မတီအနေဖြင့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အဖြစ် လွတ်လပ်ရေးအကြိုနှင့် လွတ်လပ်ရေးနေ့တွင် အသံလွှင့်ဇာတ်လမ်းများ၊ သမိုင်းဝင်တေးသီချင်းများ ထုတ်လွှင့်ရန်နှင့် စာနယ်ဇင်းများကလည်း ရေးသား လှုံ့ဆော်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန် ဖြစ် ကြောင်း၊ လုံခြုံရေးဆပ်ကော်မတီအနေဖြင့်လည်း လွတ်လပ်ရေးနေ့ အခမ်းအနား များ ကျင်းပစဉ်အတွင်း လုံခြုံရေးအစီအမံများကိုစနစ်တကျ စီမံချက်ရေးဆွဲပြီး ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဆပ်ကော်မတီ အသီးသီး အနေဖြင့်လည်း စနစ်တကျ စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်း အနားကို တစ်ပြည်လုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် စည်ကားခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ဗဟိုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့က တက်ညီ လက်ညီဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူးဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက (၅၉)နှစ် မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဆပ်ကော်မတီများဖွဲ့စည်းထားရှိမှုအခြေ အနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီဝင် နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဆပ်ကော်မတီ အသီးသီးတို့မှ တာဝန်ရှိသူများက လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနား၊ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ သဝဏ်လွှာပြုစုရေး၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး၊ လုံခြုံရေး၊ ပြန်ကြားရေး၊ တက္ကသိုလ်၊ ကောလိပ်၊သိပ္ပံနှင့် ကျောင်းများတွင် စာစီစာကုံး၊ကဗျာ၊ ဉာဏ်စမ်းပဟေဠိနှင့် ကွန်ပျူတာ ပန်းချီ ပြိုင်ပွဲများ ကျင်းပရေး၊ ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များ၌ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရှင်းလင်း တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူးပြီး လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်းပွဲကျင်းပ





**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအကြိမ်လူကုန်ကူးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ သင်တန်းဆင်းပွဲကို ယနေ့ညနေ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေး၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ သင်တန်းဆရာများ၊ သင်တန်းသူ ပြည်နယ်နှင့် တိုင်းအမျိုးသမီးရေးရာ အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က သင်တန်းဆင်း အမှာစကားပြောကြား သည်။ **(အပေါ်ပုံ)**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငွေးနှင့် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်တင်တင်နွဲ့တို့က သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ယင်းနောက် သင်တန်းဆင်း သင်တန်းသူများ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် (မြောက်ပိုင်း) ဘိန်းစိုက်ခင်းများ ဖျက်ဆီးခြင်းများပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေး ဦးစီး၍ မိုင်းခတ်ရဲစခန်း တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန၊ မြေစာရင်း ဦးစီး ဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် မိုင်းခတ် မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု၊ ဖားငန် ကျေးရွာ၊ ဝမ်မဟီးကျေးရွာတို့၌ ဘိန်းခင်း ၂ ဒသမ ၅ ဧကကိုလည်း ကောင်း၊ နိုဝင်ဘာ၁၆ရက်မှ ၁၉ ရက် အထိနယ်မြေခံတပ်နယ်မှ တပ်မတော် သားများ၊ ကျိုင်းတုံမူးယစ် အထူးအဖွဲ့၊ မိုင်းပျင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မိုင်းပျင်းမြို့နယ် နားလင်း ကျေးရွာ၊ ဝမ်ကုန်းကျေးရွာ၊ ဝမ်ကန် ကျေးရွာ၊ ဝမ်ခွန်ကျေးရွာ၊ ကုန်းဆာ ကျေးရွာတို့တွင် ဘိန်းခင်း ၄၂ ဒသမ ၅ ဧကကိုလည်းကောင်း ဖျက်ဆီးခဲ့ ကြသည်။

၂၀၀၆-၂၀၀၇ ခုနှစ် ဘိန်းစိုက် ရာသီအတွင်း ရှမ်းပြည်နယ် (အရှေ့ ပိုင်း)တွင် ဘိန်းခင်း ၄၅ ဧက၊ ရှမ်းပြည် နယ်(မြောက်ပိုင်း)တွင် ဘိန်းခင်း ၁၄၈ ဒသမ ၁၇ ဧက၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် ဘိန်းခင်း ၁၇၂၃ ဒသမ ၅ ဧက စုစုပေါင်း ဘိန်းခင်း ၁၉၁၆ ဒသမ ၆၇ ဧက ၇၇၅ ဒသမ ၃၇ ဟက်တာ ဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးဆေးရုံဝင်းအတွင်း ကတ္တရာခင်း ကုသိုလ်ပါဝင်လိုသူများ လှူဒါန်းနိုင်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မန္တလေးမြို့ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်းရှိ ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်းများကို ၂၀၀၆-၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ စ၍ စတင် ဆောင်ရွက်လျက် ရှိသဖြင့် စေတနာရှင် အလှူရှင်များ စဉ်ဆက် မပြတ် လာရောက် ကုသိုလ်ပါဝင် လှူဒါန်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်တွင် ဦးမောင်မောင်- ဒေါ်ခင်စန်းရီတို့အား အမှူးထား၍ မြို့တော်ဆေးရုံနှင့် ညိမ်းအထူးကု ဆေး ခန်း မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဦးတင်မောင်- ဒေါ်နန့်လှစိန် နန်းတော် အထူးကု ဆေးခန်း မိသားစုက ငွေကျပ် ငါးသိန်း၊ ဒေါက်တာ ဦးမြမောင်-ဒေါ်ဝင်းမေ၊ သား ကိုကျော်စွာဝင်း- တော်ဝင် စိန်တိုက်က ငွေကျပ် တစ်သိန်း၊ မန္တလေးအထွေထွေ ရောဂါကုဆေးရုံ ကြီး ဖျားနာကုသဆောင်(၁)မှ ဆရာဝန် ဆရာမများက ငွေကျပ်တစ်သိန်း၊ မန္တလေး အထွေထွေရောဂါကု ဆေးရုံ ကြီးမှ သူနာပြု ဆရာမများက ငွေကျပ် ၁၁၆၅၀၀၊ ဦးအေးကြီး-ဒေါ်သိန်းသိန်း ဝေ မိသားစုက ငွေကျပ် ငါးသောင်း၊ အငြိမ်းစား သူနာပြု ဦးမြင့်အောင်- ဒေါ်ကြင်ကြင်ဝင်း မိသားစုက ငွေကျပ် ငါးသောင်း၊ အသည်းနှင့် ရင်ခေါင်း ဆေးကုဌာနမှ သူနာပြုဆရာ ဆရာမ များက ငွေကျပ်တစ်သောင်း၊ ဦးမောင် မောင် - ဒေါ်မြစန်းကြူ မိသားစုက ငွေကျပ် ၁၅၀၀၀၊ မကြွယ်ကြွယ်အား ရည်စူး၍ ညီမ မငယ်ငယ်က ငွေကျပ် တစ်သောင်းတို့ကို လည်းကောင်း၊ နိုဝင်ဘာ ၈ရက်တွင် ဦးခင်မောင်ညို- ဒေါ်ရီရီကျော်၊ သား ညီလင်းညို မိသား စုတို့က ငွေကျပ် ၁၅ သိန်း၊ မန္တလေး ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ဦးကျော်လှ၊ဇနီး ဒေါ်စိုး စိုးမာ မိသားစုက ငွေကျပ်သုံးသိန်း၊ ပါမောက္ခ ဒေါက်တာ ဦးသံစစ် မိသားစုက ငွေကျပ်နှစ်သိန်း၊ မန္တလေး ဆေးတက္ကသိုလ် မော်ကွန်းထိန်း ဒေါ်နွယ်နွယ်ဝင်းက ငွေကျပ် တစ်သိန်း၊ ကျန်းမာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဦးစံရွှေဝင်း၊ ဇနီး ဒေါ်သင်းသင်းရွှေ မိသားစု (နေပြည်တော်)က ငွေကျပ် ငါးသောင်းတို့အား မန္တလေး အထွေထွေ ရောဂါကု ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီး ရုံးခန်းသို့ လာရောက်လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင် ဝင်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။

### ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ ကတ္တရာလမ်း၏ အကျယ်မှာ ၁၆ ပေရှိပြီးအလျားပေ ၂၅၀၀ ရှိရာ ကတ္တရာခင်းခြင်း အတွက် စုစုပေါင်း ငွေကျပ် သိန်း ၂၃၀ ကုန် ကျမည်ဖြစ်သည်။ ကုသိုလ်ပါဝင် လှူဒါန်းလိုသော စေတနာရှင် အလှူ ရှင်များအနေဖြင့် ဆေးရုံအုပ်ကြီးရုံးခန်း ဖုန်း-၀၂ -၃၉၀၀၇၊ ၃၉၀၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်း ရရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်သို့ ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများက ကြိုဆိုကြပြီး ဧည့်ခန်းမဆောင်၌ ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက စစ်တက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုး၍ စစ်တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြင်ဦးလွင်မြို့တပ်မတော်နည်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများကကြိုဆိုကြပြီး အစည်း



ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P. Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့် ဇနီးနှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ် နန်းမြင့်မျှော်စင်ပေါ်မှ ပြင်ဦးလွင်မြို့၏ ရှုခင်းအလှကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)



အဝေးခန်းမ၌ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တပ်မတော်နည်းပညာတက္ကသိုလ်သမိုင်းကြောင်းနှင့် သင်ကြားမှုဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း စာအုပ်၌ လက်မှတ်ရေးထိုး၍ တပ်မတော်နည်းပညာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဧည့်သည်တော်အိန္ဒိယ သမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် အမှတ်တရ လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။ ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ် ဦးစီးချုပ်နှင့်ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသား ကန်တော်ကြီးဥယျာဉ်သို့ သွားရောက်ကြပြီး အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည် ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် အမျိုးသားကန်တော်ကြီး ဥယျာဉ်ခန်းမဆောင်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

## ကြည့်ရှုလေ့လာ

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့သို့ရောက်ရှိကြပြီး ဦးစိန်မြင့်၏ ရွှေချည်ထိုးလုပ်ငန်းကိုလည်းကောင်း၊ ဒေါ်စုနှင့်သား သိန္ဓောမြင်းပျံ ရွှေပြည်ကျော်လွန်းရာကျော်ချိတ် ရက်ကန်းလုပ်ငန်းကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင် ဆုတောင်းပြည့်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ကပ်လှူပူဇော်ကန်တော့ကြကာ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးတောင်ပေါ်မှ မန္တလေးမြို့၏ နေဝင်ဆည်းဆာရှုခင်းကို ကြည့်ရှုကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီးတို့က မန္တလေးမြို့ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မြက်ခင်းပြင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဂုဏ်ပြုညစာ စားပွဲအပြီးတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်က အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းကို ပေးအပ်သည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ညွှန်ကြားရေးမှူး ဦးအေးမောင်က မြနန်းစံကျော် ရွှေနန်းတော်ကြီး၏ နောက်ခံသမိုင်းအကျဉ်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ မြနန်းစံကျော် ရွှေနန်းတော်ကြီးအတွင်း လှည့်လည်ပြသသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ရွှေပြားသင်္ကန်းများနှင့် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာတို့ဖြင့် ဆက်ကပ်ပူဇော်ကန်တော့ကြကာ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။ ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ်နှင့်ကိုယ်စားလှယ် အဖွဲ့သည် ရတနာပူရ မြန်မာ့လက်မှုနှင့်အနုပညာ ဗိမာန်၊ မန္တလေးတိုင်း သမဝါယမ အသင်း အရောင်းဆိုင်သို့ သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပုဂံညောင်ဦးသို့ တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် မွန်းလွဲပိုင်းတွင် ပုဂံညောင်ဦးလေဆိပ်သို့ ရောက်ရှိကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

## နေ့လယ်စာတည်ခင်း

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့်ဇနီးတို့က သံတဲဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ ပြတိုက်တာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးညွန့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပုဂံ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်နှင့် အာနန္ဒာဘုရားတို့သို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးနှင့် နံ့သာတိုင်တို့ဖြင့် ပူဇော်ကြကာ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

## လက်မှတ်ရေးထိုး

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဧည့်သည်တော်အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် နန်းမြင့်မျှော်စင်သို့ သွားရောက်ကြ၍ နန်းမြင့်မျှော်စင်ပေါ်မှ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေနှင့် နေဝင်ဆည်းဆာရှုခင်းအလှတို့ကို ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီးတို့က EDEN B.B.B ဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်တို့သည် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

## ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် ပုဂံညောင်ဦးလေဆိပ်မှ



အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P. Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့်ဇနီးတို့ ရွှေတိဂုံစေတီတော်မြတ်ကြီးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ထွက်ခွာခဲ့ကြရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ပုဂံညောင်ဦးလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် နံနက် ၉ နာရီခွဲတွင် တပ်မတော်(လေ)အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်နှင့်ဇနီး၊ တပ်မတော်(လေ)မှ အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Col. Jasvinder Singh Chopra နှင့် တာဝန်ရှိသူများလိုက်ပါလျက် မင်္ဂလာဒုံတပ်နယ်ရှိ လေတပ်စခန်းဌာနချုပ်များကို သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

## ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ကြည်ညိုကြပြီး စေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းမှ စေတီတော်မြတ်ကြီးအား ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်တို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်သည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌လက်မှတ်ရေးထိုးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံလေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့်ကိုယ်စားလှယ်အဖွဲ့သည် စေတီတော်ရင်ပြင် စနေထောင့်ရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ကြည်ညိုကြပြီး စေတီတော်ရင်ပြင်ရှိ သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ် အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက်ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

## လက်ဆောင်ပေးအပ်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့်ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့တို့ ပြန်လည် မထွက်ခွာမီ လေဆိပ်ဧည့်ခန်းမ၌ ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် မှတ်တမ်းဗွီစီဒီခွေတို့ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhaskar Kumar Mitra ၊ စစ်သံမှူး Col. Jasvinder Singh Chopra နှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

---

# ပန်းတစ်ပွင့်တောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ မြတ်မေတ္တာသူနာပြုအကူသင်တန်းသားများငွေလှူ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရထံသို့ အလှူငွေလှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၃ ရက်က ကျင်းပရာ မြတ်စေတနာနှင့် မြတ်မေတ္တာသူနာပြုအကူ သင်တန်းသား သင်တန်းသူများက အလှူငွေ (ပထမအကြိမ်) ကျပ် ၁၅၀၀၀ နှင့် (ဒုတိယအကြိမ်) ကျပ် ၃၃၀၀၀၊ သူနာပြုသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်(အငြိမ်းစား)က အလှူငွေကျပ် ၁၅၀၀၀၊ ဗိုလ်မှူးဇော်ဝင်း(အငြိမ်းစား)က အလှူငွေကျပ် ၂၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ သူနာပြုအကူသင်တန်းသားသင်တန်းသူများနှင့် သူနာပြု ဆရာမများ ကြီးကြပ်၍ ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။ **(က-ပ)**



**ရန်ကုန်မြို့ အလုံမြို့နယ် နံ့သာလမ်း အမှတ် ၄၀ နေ မရှုရီ (ဥက္ကံ) အား လေးနှစ်မြောက် ရည်စူး၍ ဦးယူစိန်-ဒေါ်သန်းညွန့် မိသားစု တို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး တည် ဆောက်ရန်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ပြည်သူ့အတွက်လိုအပ်ချက် ဖြည့်ဆည်းမနှေး ဆောင်ရွက်ပေး

## ဧရာမျိုးထက်

စည်ပင်သာယာရေးလုပ်ငန်းများသည် ပြည်သူများ၏ လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် လုပ်ငန်းများဖြစ်သည်။ ထို့အပြင်ဒေသဖွံ့ဖြိုးတိုးတက်မှုရှိရေးနှင့် စည်းကမ်းစနစ်ကျနသော လူမှုပတ်ဝန်းကျင်တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်စေရေး အတွက် အစဉ်အမြဲဆောင်ရွက်ပေးနေသည့် လုပ်ငန်းများလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ လူမှုဘဝ အခြေခံလိုအပ်ချက်များ ပြည့်စုံလာစေပြီး ဖွံ့ဖြိုးတိုးတက်သာယာမှုရှိလာစေရေးအတွက် နိုင်ငံတော်အစိုးရက ပြည်နယ်/တိုင်းအသီးသီးရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ လိုက်နာဖော်ဆောင်ပေးရမည့် လုပ်ငန်းတာဝန်များကို ၁၉၉၃ ခုနှစ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေတွင် လုပ်ငန်းတာဝန်၃၁ချက်အဖြစ် အသေးစိတ်ဖော်ပြသတ်မှတ် ပြဋ္ဌာန်းပေးခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်၃၁ချက်နှင့်အညီ မိမိတို့တာဝန်ကျရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရာတွင် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းရပ်များ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ဆောင်ချက်များ၊ တစ်နှစ်တာ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ချက်များအပေါ် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်သုံးသပ်၍ ညှိနှိုင်းဆုံးဖြတ်ပြီး ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် နှစ်စဉ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးများကို ၁၉၉၀ ပြည့်နှစ်မှစ၍ ကျင်းပခဲ့ရာ ယခုဆိုလျှင် (၁၇)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်သည်။

ယခုနှစ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၉-၁၀-၂၀၀၆ ရက်နေ့ မွန်းလွဲ ၂ နာရီခွဲက နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က **ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် အနက် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများတွင် ချမှတ်ပေးထားသော စီမံကိန်းရည်မှန်းချက်များ ပြည့်မီရေးအတွက် ကျန်ရှိသည့်ကာလတွင် အလေးထားကြိုးပမ်းဆောင်ရွက်ရန်၊ မိမိတို့တာဝန်ယူရသည့် မြို့ပြဒေသများ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ စိမ်းလန်းစိုပြည်သာယာလှပရေးမှအစ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေပြီး စနစ်ကျနသော မြို့ပြဒေသများ ဖြစ်စေရေးအတွက် ဝန်ကြီးဌာန၊ ဦးစီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ အစဉ်ကြိုးပမ်း ဆောင်ရွက်သွားကြရန်၊ ပြည်သူ့ဝန်ထမ်းများပီပီ မိမိတာဝန်ကျရာ ရပ်ရွာဒေသများ ဖွံ့ဖြိုးတိုးတက်သာယာမှုရှိစေအောင် တီထွင်ကြံဆ၊ လုံ့လဝီရိယ စိုက်ထုတ်ပြီး ဆောင်ရွက်ရန်၊ စည်ပင်သာယာရေးလုပ်ငန်းစဉ်များဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်ရန်၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာစေရေး ကြိုးပမ်းဆောင်ရွက်မှု အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာရအောင် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပါဝင်ပူးပေါင်းဆောင်ရွက်ရန်**တို့ကို အသေးစိတ် မှာကြားခဲ့သည်။

စည်ပင်သာယာရေးဦးစီးဌာနနှင့် ကွပ်ကဲမှုအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးအတွက် ၂၀၀၀-၂၀၀၁ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်အထိ နှစ်၃၀စီမံကိန်းကို ချမှတ်ဆောင်ရွက်လျက် ရှိရာတွင် ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းမိုင်ပေါင်း ၃၂၉၃၉မိုင်၊ ကျေးလက်တံတား ၁၉၀၃၂စင်း၊ မြို့ပြလမ်း ၅၅၁၃မိုင်နှင့် မြို့ပြတံတား ၁၁၃၂၂စင်းကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကိုလည်း စည်ပင်သာယာရေးအဖွဲ့များက ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ ၁၀နှစ် စီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ရာတွင် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ဆောင်ရွက်ပေးရမည့် ကျေးရွာ ၈၀၄၂ရွာအနက် ကျေးရွာ ၇၇၁၇ ရွာကို ရေရရှိရေး ဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ၉၆ရာခိုင်နှုန်း ရေရရှိပြီးဖြစ်သည်။ အလားတူ ကျန်ပြည်နယ်/တိုင်းများ၌ ဆောင်ရွက်ပေးရမည့် ကျေးရွာ ၁၅၀၈၃ရွာအနက် ကျေးရွာပေါင်း ၈၃၀၅ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့၍ ရာခိုင်နှုန်းအားဖြင့် ၅၅ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးအနေဖြင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးဆောင်ရွက်ရန် ကျေးရွာပေါင်း ၂၃၂၂၅ရွာအနက် ကျေးရွာပေါင်း ၁၆၀၂၂ရွာကို ဆောင်ရွက်ပြီးဖြစ်၍ ၆၉ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံတော်အကြီးအကဲက သီးခြားတာဝန်ပေးထားသော စီမံကိန်းများဖြစ်သည့် ခရိုင်ချင်းဆက်လမ်းစီမံကိန်းနှင့် စံပြကျေးလက်အိမ်ရာစီမံကိန်းများကိုလည်း ရည်မှန်းချက်တာဝန် ပေါက်မြောက်အောင်မြင်အောင် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြို့ရွာများ သန့်ရှင်းသာယာလှပရေး၊ မြို့ပြနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် အနည်းဆုံးဖြစ်စေရေး၊ ခရီးလမ်း ဆက်သွယ်မှုကောင်းမွန်စေရေး၊ ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရေး၊ ကုန်သွယ်ရောင်းဝယ်မှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်စေရေး၊ ပြည်သူလူထုစိတ်လက်ကြည်သာစွာ အပန်းဖြေအနားယူနိုင်စေရေးအတွက် ဆောင်ရွက်ပေးရန်မှာ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များ ဖြစ်သည်နှင့်အညီ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာအောင် ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ မိန့်မှာချက်များ၊ စည်ပင်သာယာရေးအဖွဲ့များ အချင်းချင်း အတွေ့အကြုံညှိနှိုင်းချက်များ၊ အားနည်းချက်အားသာချက် ဖော်ထုတ်တွေ့ရှိမှုများ၊ သုတေသနစာတမ်းများ၏ လေ့လာတွေ့ရှိချက်များသည် လွန်စွာတန်ဖိုးကြီးမားလှပေသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှရရှိခဲ့သော လမ်းညွှန်ချက်များအား စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအဖြစ် အလေးအနက်ခံယူပြီး **မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်သာယာမှုရှိစေရေးလုပ်ငန်းအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ မှတ်ကျောက်တင်ဂုဏ်ပြုခံရသော ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်လျက် "ပြည်သူ့အတွက် လိုအပ်ချက်၊ ဖြည့်ဆည်းမနှေး ဆောင်ရွက်ပေး" သည့် စည်ပင်သာယာရေးအဖွဲ့များ ဖြစ်အောင် ဦးထိပ်ပန်ဆင် လုပ်ဆောင်သွားကြရမည်သာ** ဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

**မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးတိုးတက်သာယာမှုရှိစေရေး လုပ်ငန်းအပါအဝင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၌ မှတ်ကျောက်တင် ဂုဏ်ပြုခံရသော ပြည်သူ့ဝန်ထမ်း ကောင်းများဖြစ်အောင် စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်လျက် "ပြည်သူ့အတွက် လိုအပ်ချက်ဖြည့်ဆည်းမနှေး ဆောင်ရွက်ပေး" သည့် စည်ပင် သာယာရေး အဖွဲ့များဖြစ်အောင် ဦးထိပ်ပန်ဆင် လုပ်ဆောင်သွားကြရမည်သာ ...**



နိုဝင်ဘာ ၂၃ရက်က ၂၀၀၆ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အကြိုလှုပ်ရှားမှုစက်ချုပ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မရမ်းကုန်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်း သက်ကြီးသင်တန်းကျောင်း၌ ကျင်းပရာ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (လူမှုဝန်ထမ်း)

**သတ္တမအကြိမ်**

**မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ**

**ရန်ကုန်မြို့**

**၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ (၂၅-၂၆) ရက်နေ့**



နိုဝင်ဘာ ၂၃ရက်က လူမှုဝန်ထမ်း ဦးစီးဌာန သုဝဏ္ဏ မူလတန်းကြိုကျောင်း၏ ဉာဏစွမ်းရည်ပြိုင်ပွဲကို ကျောင်းခန်းမတွင်ကျင်းပရာ ကဗျာရွတ်ဆို စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရ မောင်မိုးပြည့်စုံအား ရန်ကုန်တိုင်း လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေဇင်က ဆုချီးမြှင့်စဉ်။ (လူမှုဝန်ထမ်း)

## ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၂၄

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။**

**စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မစက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။**

**စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း-၀၁-၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း-၀၆၇-၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၂-၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။** (သတင်းစဉ်)

# ဝန်ကြီး ဗိုလ်ချုပ်ရွှေဦး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက်နိုင်ငံများ၏ အစည်းအဝေးတက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၂၄

စင်ကာပူသမ္မတနိုင်ငံ၌ နိုဝင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ အစည်းအဝေးများသို့ တက်ရောက်ခဲ့သော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ရွှေဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုကြသည်။



စင်ကာပူသမ္မတနိုင်ငံ၌ ကျင်းပသည့် (၂၈) ကြိမ်မြောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ အစည်း အဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ရွှေဦး အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိ ခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်စဉ်။ (သတင်းစဉ်)

## တက်ရောက်

လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၈) ကြိမ်မြောက် အစည်းအဝေးကိုနိုဝင်ဘာ ၁၆ ရက်တွင် စင်ကာပူသမ္မတနိုင်ငံက အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံကျင်းပခဲ့ရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိ ခေါင်းဆောင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒေသအတွင်း တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းသိမ်းရေး အစီအစဉ်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ ဈေးကွက်တိုးချဲ့ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော စားနပ်ရိက္ခာပစ္စည်းများထုတ်လုပ်မှု တိုးတက်ရေး၊ ရေရှည်တည်တံ့သော သစ်တောထိန်းသိမ်း ကာကွယ်ရေး လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

## ဆွေးနွေးဆုံးဖြတ်

အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ ဝန်ကြီးများ၏ (၆)ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၁၇ ရက်တွင် ဆက်လက်ကျင်းပရာ အစည်းအဝေးတွင် ဝန်ကြီးများက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ ကျေးလက်လူ့အဖွဲ့အစည်း၏ ဓလေ့ထုံးတမ်းအစဉ်အလာများထိန်းသိမ်းစောင့်ရှောက်ရေး၊ လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထား ဆောင်ရွက်ရန် လိုအပ်မှုများကို သဘောတူကြပြီး ကြက်ငှက်တုပ်ကွေးရောဂါသည် ဒေသအတွင်း ပြန်လည်ဖြစ်ပွားရန် အခြေအနေများ ရှိနေဆဲဖြစ်သဖြင့် ယင်းရောဂါ ကာကွယ်တိုက်ဖျက်ရေးတွင် အာရှဖွံ့ဖြိုးရေးဘဏ်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၊ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကမ္ဘာ့ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေး၊ လောင်စာစွမ်းအင် လုံခြုံစိတ်ချရရေးနှင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးမှုရရှိ ရေးအတွက် ဇီဝပစ္စည်းအရင်းအမြစ်များနှင့် ယင်းတို့မှ စွမ်းအင်ထုတ်ယူ အသုံးချမှုဆိုင်ရာ နည်းပညာများ ထိရောက်ကျယ်ပြန့်စွာဖြင့် ရေရှည် အသုံးချနိုင်ရန်အတွက် ပိုမိုပူးပေါင်းဆောင်ရွက်ကြရန်ဆွေးနွေးဆုံးဖြတ်ကြကြောင်း သိရှိရသည်။

## လက်မှတ်ရေးထိုး

အာဆီယံဝန်ကြီးများအစည်းအဝေးတွင် အာဆီယံတိရစ္ဆာန် ကျန်းမာရေးရန်ပုံငွေ ထူထောင်ရေးဆိုင်ရာ သဘောတူညီမှုလက်မှတ်ရေးထိုးပွဲကို ကျင်းပရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အဖွဲ့ခေါင်းဆောင် ဝန်ကြီးများက တက်ရောက် လက်မှတ်ရေးထိုးခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ရွှေဦးက ဆန်အရန်ရိက္ခာများ ထိန်းသိမ်းထားရှိရာ၌ လေလွင့်ဆုံးရှုံးမှု လျော့နည်းရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ခေတ်မီသိုလှောင်ရုံများထားရှိရေးနှင့် မြန်မာနိုင်ငံ၏ အဆိုပြုချက်ဖြစ်သော အာဆီယံအဖွဲ့ဝင် လေးနိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံများ၏ လယ်ယာကဏ္ဍ ယှဉ်ပြိုင်နိုင်မှုစွမ်းရည် တိုးတက်ရေးအတွက် လူသားအရင်းအမြစ် စွမ်းရည်ဖွံ့ဖြိုးရေး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စများကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ်မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့်သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မဟာမြိုင်လမ်း စကားဖြူခြံအမှတ် (၃၁) နေ ဦးကိုကိုထွေး-သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၊ သမီးကြီး-ကိုမျိုးဇော်ထွန်း-မဝတ်ရည်ထွေး၊ မြေး-မကေခိုင်မျိုး၊ သမီးငယ်-မသီရိထွေး တော်ဝင်မိသားစုက အလှူငွေကျပ်ငါးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## ငွေကျပ် ၁၀၀ တန် ထီဖွင့်ပွဲ ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၂၁၅)ကြိမ်မြောက် ငွေကျပ် ၁၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ဒီဇင်ဘာ ၁ ရက်တွင် အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ်(၃၈၄) မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းအပြီး ဖွင့်လှစ်မည်ဖြစ်သည်။

ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ် သိန်း ၂၀၀ လေးဆု၊ ငွေကျပ်သိန်း(၁၀၀) ၃၁ ဆု၊ ငွေကျပ် ၁၀ သိန်း ၄၆၄ ဆု၊ ငွေကျပ်ငါးသိန်း ဆု ၂၀၊ ငွေကျပ်လေးသိန်း ၂၅ ဆု၊ ငွေကျပ်နှစ်သိန်း ၁၈၅ ဆု၊ ငွေကျပ်တစ်သိန်း ဆု ၁၄၄၀၊ ငွေကျပ် ရှစ်သောင်း ၆၃ ဆု၊ ငွေကျပ် လေးသောင်း ဆု ၁၀၀၊ ငွေကျပ်နှစ်သောင်း ၁၄၈၃၄ ဆု စုစုပေါင်း ၁၇၂၆၉ ဆုဖြစ်သည်။

ထီပေါက်သည့်ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို ဒီဇင်ဘာ ၇ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပြီး ဆုငွေကျပ်ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများ၌လျှောက်ထားတင်ပြပြီး ထုတ်ယူနိုင်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

**နိုဝင်ဘာ ၂၁ ရက်က အလုံမြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း စာကြည့်ခန်းမတွင် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမျိုးဝင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



**အင်းစိန်မြို့နယ် ပိန္နဲကုန်းရပ်ကွက် လူငယ်များ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ပုံငွေနှင့် စာအုပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၅ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ စေတနာရှင်တစ်ဦး၏ လှူဒါန်းငွေကျပ် တစ်သိန်းကိုစာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်သန်း လက်ခံယူစဉ်။** (မြို့နယ် ပြန်/ဆက်)



# မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်ရေးရည်ရွယ် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲ(ယနေ့)ကျင်းပမည် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်

ရန်ကုန် နိုဝင်ဘာ ၂၄

**အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ရေကူးပြိုင်ပွဲ ကျင်းပရေးအုပ်ချုပ်သူများ အစည်းအဝေးကို ယမန်နေ့ ညနေ ၄ နာရီက ဦးဝိစာရလမ်း အမျိုးသားရေကူးကန်ရှိ အိုလံပစ်ဟိုတယ်တွင် ကျင်းပသည်။**

## အမှာစကားပြောကြား

အစည်းအဝေးတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးဟန်ထွန်းမောင်(**ယာပုံ**) က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အသင်းများမှ အုပ်ချုပ်သူများက ပြိုင်ပွဲနှင့် ပတ်သက်၍ လည်းကောင်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ရေကူးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန) နှင့် တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းကာ ဖြည့်စွက်တင်ပြကြသည်။



## ဝင်ရောက်ယှဉ်ပြိုင်မည်

တတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်းရေကူးပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်းတို့မှ အုပ်ချုပ်သူ နည်းပြ ၁၈ ဦး၊ အားကစားသမားများ အဖြစ် အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၄၀ စုစုပေါင်း ၁၁၅ ဦး ဝင်ရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

## ထည့်သွင်းကျင်းပမည်

ပြိုင်ပွဲတွင် မီတာ ၅၀၊ ၁၀၀၊ ၂၀၀၊ ၄၀၀ အလွတ်ကူးပြိုင်ပွဲ၊ မီတာ ၅၀၊ ၁၀၀ပက်လက်ကူးပြိုင်ပွဲ၊လိပ်ပြာကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လွန်းပြန်လေးယောက်ကူးပြိုင်ပွဲ၊ မီတာ ၁၀၀ လွန်းပြန်လေးမျိုးကူးပြိုင်ပွဲနှင့်မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ပွဲစဉ်များ ထည့်သွင်းကျင်းပမည် ဖြစ်သည်။

အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်သည်မြန်မာ့ရေကူးအားကစား တိုးတက်ရေးဆောင်ရွက်လျက်ရှိပြီး ယခုပြိုင်ပွဲကိုလည်း မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်ရေး ရည်ရွယ်၍ ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

## အခမဲ့ကြည့်ရှုအားပေးနိုင်

ပြိုင်ပွဲကို နေ့စဉ်မွန်းလွဲ ၂ နာရီမှ စတင်၍ ကျင်းပမည်ဖြစ်ပြီး ရေကူးအားကစားဝါသနာရှင်များ အခမဲ့ ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

## လီဗာပူးက ပီအက်စ်ဗွီကို အနိုင်ရခဲ့သော်လည်း ကစားသမားသုံးဦးဒဏ်ရာရခဲ့၍ တန်ဖိုးကြီးပေးဆပ်ခဲ့ရ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် နိုဝင်ဘာ ၂၄

**လီဗာပူးအသင်းသည် ပီအက်စ်ဗွီ အိုင်ဟိုဗင့်အသင်းကို ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရသော်လည်း ဇွန်ဇာလက်ဇ်၊ အလွန်ဆိုနှင့် ဂျာမိန်းပင်နန့်တို့ ဒဏ်ရာရရှိမှုများဖြင့် ပေးဆပ်ခဲ့ရကြောင်း လီဗာပူး ကလပ်က ပြောကြားသည်။**

ဇွန်ဇာလက်ဇ်နှင့် ပင်နန့်တို့သည် တံကောက်ကြောဒဏ်ရာရရှိခဲ့ကြသည်။ အလွန်ဆိုလည်း ဒဏ်ရာရရှိပြီး ကွင်းအတွင်းမှ ထွက်သွားရသည်။



လီဗာပူး ကစားသမား ပင်နန့် ထမ်းစင်ဖြင့် ကွင်းအတွင်းမှ ထွက်သွားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

### ကစားနိုင်ခဲ့

မိမိတို့သည် ယခုအောင်နိုင်မှုကို ကျေနပ်မိကြောင်း၊ ကစားသမားများ ကောင်းမွန်စွာ ကစားနိုင်ခဲ့ကြောင်း၊ ယင်းအတွက် လီဗာပူး ပရိသတ်နှင့် အသင်းတို့အတွက် ကောင်းမွန်ကြောင်း မန်နေဂျာဘင်နီတက်ဇ်က ပြောကြားသည်။

### ခြေစွမ်းပြ

သို့ရာတွင် မိမိတို့အောင်နိုင်ခဲ့သော်လည်း ကစားသမားသုံးဦး ဒဏ်ရာရမှုဖြင့် ပေးဆပ်ခဲ့ရကြောင်း၊ ထိုသို့ဒဏ်ရာရခဲ့၍ ပြိုင်ပွဲစီမံခန့်ခွဲမှုအတွက် အလွန်ခက်ခဲမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ စတီဗင်ဂျရတ် အကောင်းဆုံးခြေစွမ်းပြကစားပြီး ဖွေဆော်ဦး ဂိုးသွင်းနိုင်ခဲ့၍လည်း ကွင်းလယ်စိုးမိုးမှုကို ရခဲ့သည်ဟု ဘင်နီတက်ဇ်က ပြောကြားသည်။ **(အင်တာနက်)**

## ဝက်စ်ဟမ်းနည်းပြ အလန်ပါဂျူး အာဂျင်တီးနား ကစားသမားနှစ်ဦးအား အသင်း၌ ဆက်လက်ကစားစေလို



ဝက်စ်ဟမ်း နည်းပြနှင့် အာဂျင်တီးနား ကစားသမား တီဗက်ဇ်နှင့် မာရှေယာနိုတို့အား စာချုပ်ခေါ်ယူစဉ်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၄**

ဝက်စ်ဟမ်းအသင်းကို အိုက်စလန်ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ မက်နတ်ဆွန်ကဝယ်ယူခဲ့ပြီးနောက် အာဂျင်တီးနား ကစားသမားများဖြစ်ကြသည့် ကားလို့စ်တီဗက်ဇ်နှင့် မာရှေယာနိုတို့အား ဝက်စ်ဟမ်းအသင်း၌ ဆက်လက်ကစားစေလိုကြောင်း နည်းပြအလန်ပါဂျူးက ထုတ်ဖော်ပြောကြားလိုက်သည်။

အဆိုပါ အာဂျင်တီးနား ကစားသမားနှစ်ဦးသည် စက်တင်ဘာ လဆန်းပိုင်းက ဝက်စ်ဟမ်းသို့ ရောက်ရှိလာကြသည်။ ယင်းတို့နှစ်ဦးသည် ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြနိုင်ကြသော်လည်း ယခုအချိန်အထိ ပရီမီယာလိဂ်တွင် အချိတ်အဆက်မမိဘဲ ဂိုးပေါက်ပျောက်နေကြသည်။ သို့ရာတွင် နည်းပြ အလန်ပါဂျူးက ယင်းကစားသမားနှစ်ဦးသည် အပ်တွန်ပတ်၌ တောက်ပလာမည့် အခွင့်အလမ်းများရှိမည်ဟု ယုံကြည်ထားကြောင်း၊ ယင်းတို့သည် ကြိုးစားလေ့ကျင့်နေကြသူများဖြစ်ကြောင်း ကာကွယ်ပြောကြားသည်။

**(အင်တာနက်)**

## ဘောလက်နှင့် ဒရော့ဘာဒဏ်ရာရ နည်းပြမော်ရင်ဟို စိုးရိမ်ပူပန်



ချယ်လ်ဆီးနည်းပြ မော်ရင်ဟို။
(ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၂၄**

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဝါဒါဘရီမင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် မိုက်ကယ်ဘောလက်နှင့် ဒရော့ဘာတို့ ဒဏ်ရာအနည်းငယ်ရထား၍ စိုးရိမ်မိကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ပြောကြားသည်။

အပြာရောင်ချယ်လ်ဆီးတို့သည် ယင်းပွဲတွင် ရှုံးနိမ့်သော်လည်း ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်မည်ဖြစ်သည်။ သို့သော်လည်း ဘောလက်နှင့် ဒရော့ဘာတို့သည် တနင်္ဂနွေနေ့တွင် မန်ယူကွင်းသို့ သွားရောက်မကစားမီ ဒဏ်ရာများ ရရှိထားကြသည်။

ဥရောပချန်ပီယံလိဂ်တွင် ယခုနှစ်ရာသီ၌ ပထမဆုံး ရှုံးနိမ့်ရသော်လည်း ချယ်လ်ဆီးအနေဖြင့် အကောင်းဆုံး အနေအထားဖြင့် ကစားခဲ့ခြင်းမရှိကြောင်း မော်ရင်ဟိုက ဝန်ခံပြောကြားသည်။ သို့သော် ယင်းပြိုင်ပွဲထက်လာမည့် ပြိုင်ပွဲမှာပို၍အရေးကြီးကြောင်း ၎င်းကပြောကြားသည်။

ချန်ပီယံလိဂ်အုပ်စုပြိုင်ပွဲ နောက်ဆုံးပြိုင်ပွဲများကို ဒီဇင်ဘာ ၅ရက်နှင့် ၆ရက်တို့တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ချယ်လ်ဆီးက လက်ဗ်စကီးအသင်းကို အိမ်ကွင်း၌ ကစားချိန် ဘာစီလိုနာက ရှုံးထွက်အဆင့်တက်ရောက်နိုင်ရန် ဝါဒါဘရီမင် အသင်းကို အနိုင်ကစားရမည်ဖြစ်သည်။

**(အင်တာနက်)**

## ယူအီးအက်ဖ်အေဗလား ဘောလုံးပွဲစဉ်များ ဆက်လက်ကစား နယူးကာဆယ်နှင့် တော့တင်ဟမ်တို့ နိုင်ပွဲများရရှိခဲ့

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် နိုဝင်ဘာ ၂၄

**ယူအီးအက်ဖ်အေဗလားဘောလုံး ပြိုင်ပွဲများကို နိုဝင်ဘာ ၂၃ ရက်က ဆက်လက်ကစားရာ တော့တင်ဟမ်က လေဗာကူဆင်ကို အနိုင်ယူပြီး နယူးကာဆယ်ကလည်း ဆဲလ်တာဗီဂိုကို အနိုင်ရရှိကာ အော့ဇေးနှင့်ရိန်းဂျားတို့ပွဲတွင် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။**



**နယူးကာဆယ်နှင့် ဆဲလ်တာဗီဂိုတို့ပွဲတွင် နယူးကာဆယ်မှ ဂျိမ်းမီလ်နာ** (ယာ) **၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

### လေဗာကူဆင်နှင့် တော့တင်ဟမ်

အဝေးကွင်း၌ ကစားရသော်လည်း တော့တင်ဟမ် တိုက်စစ်မှူး ရော်ဘီကိန်း၊ ဘာဘာတော့ဗ်တို့က လေဗာကူဆင် နောက်တန်းကို ထိုးဖောက် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိအောင်လည်း ကြိုးစားနိုင်ခဲ့ကြသည်။

လေဗာကူဆင် တိုက်စစ်မှူးများဖြစ်သည့် ဗိုရှိနင်နှင့် ကီစလင်းတို့က တော့တင်ဟမ် နောက်တန်းကို ကွင်းလယ်မှ ဘာဘာတော့ဗ်၊ ဘာနေတာနှင့် ရိုဗီစ်တို့၏ ဖြတ်တင်ဘောများဖြင့် ထိုးဖောက်ခဲ့သော်လည်း ဂိုးသွင်းမသေချာမှုတို့ကြောင့် ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။

တော့တင်ဟမ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန်၃၆မိနစ်၌ တိုက်စစ်မှူး ဘာဘာတော့ဗ်က သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ယင်းတစ်ဂိုးတည်းဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။



**လေဗာကူဆင်နှင့် တော့တင်ဟမ်တို့ပွဲတွင် တော့တင်ဟမ် တိုက်စစ်မှူး ဘာဘာတော့ဗ်** (လယ်) **ဂိုးသွင်းယူလိုက်စဉ်။**
(ဓာတ်ပုံ-အင်တာနက်)

### နယူးကာဆယ်နှင့် ဆဲလ်တာဗီဂို

ဧည့်သည် ဆဲလ်တာဗီဂိုတို့အဖွင့် ဂိုးသွင်းယူပြီးမှ နယူးကာဆယ်တို့ ချေပဂိုးနှင့် အနိုင်ဂိုးများရရှိခဲ့ခြင်းဖြစ်သည်။ ပွဲစသည်နှင့် ဆဲလ်တာဗီဂိုတို့ တိုက်စစ်ဖွင့်ကစားရာ ပွဲချိန်၉မိနစ်မှာပင် ဆဲလ်တာဗီဂို တိုက်စစ်မှူး ကာဒိုဘီရိုက အဖွင့်ဂိုး သွင်းယူနိုင်ခဲ့သည်။ ယင်းဂိုးကို ဆဲလ်တာဗီဂိုတိုက်စစ်မှူး ကာဒိုဘီရိုက ဘယ်ခြေဖြင့် အနိမ့်ဘောကန်သွင်းယူခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ်တို့ ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာမှ ၃၇ မိနစ်တွင် နယူးကာဆယ်ကွင်းလယ်ကစားသမား ဆီဘီရာစကီက ဆဲလ်တာဗီဂို ပယ်နယ်တီဧရိယာ အလယ်ပေါက်မှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိခဲ့ခြင်းဖြစ်သည်။

### အနိုင်ရရှိခဲ့

နယူးကာဆယ်အတွက် အနိုင်ဂိုးကို နယူးကာဆယ် တိုက်စစ်မှူး စတီဗင်တေလာက ၈၆မိနစ်၌ ခေါင်းတိုက်သွင်းယူသွားခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နယူးကာဆယ်တို့ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။



### ထိုးဖောက်ကစား

**အော့ဇေးနှင့် ရိန်းဂျားတို့ပွဲတွင် ရိန်းဂျားတိုက်စစ်မှူး နာချိုနိုဗို** (ဝဲ)**၏ ထိုးဖောက်ကစားမှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ-အင်တာနက်)

### အော့ဇေးနှင့်ရိန်းဂျား

ရိန်းဂျားတို့ သရေပွဲဖြစ်အောင် ကြိုးစားကစားခဲ့ရသည်။ အော့ဇေးတို့က အိမ်ကွင်း၌ အနိုင်ရရေး ပြင်းပြင်းထန်ထန် ကြိုးစားကစားခဲ့မှုကြောင့် ပွဲချိန်၃၁မိနစ်တွင် အော့ဇေး တိုက်စစ်မှူး ဂျီလန်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။

ရိန်းဂျားတို့ ချေပဂိုး ရရှိရေးအတွက် တိုက်စစ်မှူးများဖြစ်သည့် ဒါဒိုပါဆိုနှင့် နာချိုနိုဗိုတို့က ထိုးဖောက်ကစားခဲ့ရာ ၆၂မိနစ်၌ တိုက်စစ်မှူး နာချိုနိုဗိုက ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

အော့ဇေးအတွက် ဒုတိယဂိုးကို ၇၅မိနစ်၌ နီကိုလေက သွင်းယူပေးခဲ့ပြီး ရိန်းဂျားအတွက်ချေပဂိုးကို ၈၄မိနစ်တွင် ခရစ်ဘွိုင်းက သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **ပီအက်စ်ဂျီ** | ၂ - ၄ | **ဟာပိုတဲလ်အဗစ်** |
| **ဖီယင်နော့ဒ်** | ၀ - ၀ | **ဘလက်ဘန်း** |
| **ဆီဗီလာ** | ၂ - ၀ | **ဘီရာဂါ** |
| **စပါတာ** | ၀ - ၀ | **အေဂျက်။** |

(အင်တာနက်)



အောက်တိုဘာ၄ရက်က လပွတ္တာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ဒသမအကြိမ် စုပေါင်းမဟာဘုံကထိန်ပူဇော်ပွဲတွင် ပဒေသာပင်များဖြင့် မြို့တွင်းသို့ လှည့်လည်ပူဇော်ကြစဉ်။
(မြို့နယ် ပြန်/ဆက်)

## မော်လမြိုင်ကျိုက်သလ္လံပရိဝုဏ်အတွင်းရှိစေတီ ထီးတော်ရွှေသင်္ကန်းကပ်ရန်ရွှေ၁၀ကျပ်သားလှူဒါန်း

**မော်လမြိုင် နိုဝင်ဘာ ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလ္လံပရိဝုဏ်အတွင်းရှိစေတီတော်မြတ် ထီးတော်တွင် ရွှေသင်္ကန်းကပ်လှူရန်အတွက် မော်လမြိုင်မြို့ သာသနာ့မာရ်အောင်ဝဲပုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် တိပိဋကရွေးချယ်ရေး ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိဇယာဘိဝံသအား ဦးထိပ်ထားပြီး အစ်မ ဒေါ်သောင်းရွှေကို အမှူးထား၍ အလှူရှင်မိသားစုက ရွှေ ၁၀ကျပ်သား လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ၂၀ရက်က မော်လမြိုင်မြို့ သာသနာ့မာရ်အောင် ဝဲပုံစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တဝိဇယာဘိဝံသထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် အလှူရှင်ဦးပါကြီး-ဒေါ်အန်းကူ မိသားစုက ငွေကျပ်၄၅သိန်းတန်ဖိုးရှိ ရွှေ၁၀ ကျပ်သားကို ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းခဲ့ပြီး ဘဏ္ဍာထိန်းဂေါပကအဖွဲ့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ) (၁၆၈)**



## ပဲခူးအထက(၁) အာစရိယ ပူဇော်ပွဲကျင်းပ ကျန်းမာရေးကူညီစောင့်ရှောက်ရန်ငွေလှူဒါန်းနိုင်

ပဲခူး နိုဝင်ဘာ ၁၄

**ပဲခူးမြို့ အထက(၁) ယခင်(ဟိုက်စကူး)ကျောင်း၏ (၂၈)ကြိမ်မြောက် အာစရိယပူဇာသဘင်ကို နိုဝင်ဘာ၄ရက် နံနက်၁၀နာရီကသီရိပညာခန်းမတွင် ကျင်းပရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများဖြစ်ကြသော အသက်၈၀နှင့်အထက်ရှစ်ဦး၊ အသက်၇၀မှ ၇၉နှစ်အထိ ၂၂ဦး၊ အသက်၆၀မှ ၆၉ နှစ်အထိ ၅၉ဦး၊ အသက်၅၀မှ ၅၉နှစ်အထိ ၇၀ဦး စုစုပေါင်း ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၁၅၉ဦးနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းမြင့်နှင့်လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ကျောင်းအုပ်ဆရာမကြီးဒေါ်မင်းတို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး ကျောင်းသားဟောင်းနာယက ဦးရှိန်နှင့်ကျောင်းသားဟောင်းတရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်) **(ယာပုံ)**တို့က ဆွေးနွေးတင်ပြကြသည်။

ကောက်ခံရရှိလှူဒါန်းငွေ ကျပ်၂၃သိန်းကို အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့က မတည်လှူဒါန်းသည့်အပြင် တစ်ဦးချင်းအလှူရှင်များ ပူဇော်ငွေစုစုပေါင်း ကျပ်သိန်း ၃၀ကျော်ဖြစ်သည်။

ဆက်လက်၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ မကျန်းမာပါက ဆေးဝါးကုသမှုအတွက် အထောက်အပံ့ဖြစ်စေရန် ကျန်းမာရေးကူညီစောင့်ရှောက်မှု ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရန်အတွက် အနယ်နယ်အရပ်ရပ်ရှိ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့်ကျောင်းအုပ်ဆရာမကြီး ဖုန်း-၀၅၂-၂၁၀၀၇ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၇၃)**

## သီးနှံစပါး ပြည့်အင်အား တားဆီးကာကွယ် မီးအန္တရာယ်





## ပလောက်မြို့ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် စာသင်ခုံများပေးအပ်လှူဒါန်း

ပလောက် နိုဝင်ဘာ ၂

**ပလောက်မြို့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက မြို့နယ်အတွင်းရှိ အခြေခံမူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက်စာသင်ခုံများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ရက်က ပလောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ပလောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က အမှာစကား ပြောကြားပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာပြုံးချိုက စာသင်ခုံများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပလောက်မြို့ အုပ်ချုပ်ရေးမှူး ဦးဌေးအောင်က ပလောက်မြို့ အခြေခံပညာ အထက်တန်းကျောင်းနှင့် ဆင်ထိုးကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့စာသင်ခုံ ၃၅စုံကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ပြုံးချိုက ပလောက်မြို့အတွင်းကျေးရွာများရှိ အခြေခံပညာ မူလတန်းကျောင်းများသို့ စာရေးစားပွဲနှင့် ထိုင်ခုံတွဲလျက် စာသင်ခုံ၃၁စုံကို လည်းကောင်းပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ် ဆရာ ဆရာမကြီးများက လက်ခံရယူကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေးသန်းက ကျေးရွာစာကြည့်တိုက်များအတွက် ရွှေနိုင်ငံနှင့် စိမ်းလဲ့ရွှေပြည်ဂျာနယ်မျိုးစုံကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဇော်လင်းနှင့် စာကြည့်တိုက်တာဝန်ခံများသို့ ပေးအပ်လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ လုပ်ငန်းခွင်အရည်အချင်း မြှင့်တင်ရေးသင်တန်းဆင်း

ဟသ်ာတ နိုဝင်ဘာ ၂

**ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ခြောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဝန်ထမ်းများ၏ လုပ်ငန်းခွင် အရည်အချင်းမြှင့်တင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၆)သင်တန်းဆင်းပွဲနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များသို့ ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၅ရက် နံနက်၈နာရီက ဟသ်ာတခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမတွင် ကျင်းပသည်။**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးဦးမောင်မောင်အေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်သည့် ပထမဆုရ ဟသ်ာတမြို့နယ်မှ ဦးဇော်ဝင်းဟန်၊ ဒုတိယဆုရ မြန်အောင်မြို့နယ်မှ ဦးဝင်းဗိုလ်၊ တတိယဆုရ ဇလွန်မြို့နယ်မှ ဒေါ်လေးလေးမြင့်၊ စတုတ္ထဆုရ ကြံခင်းမြို့နယ်မှ ဒေါ်ခင်မိုးမြင့်၊ ပဥ္စမဆုရ ဟသ်ာတမြို့နယ်မှ ဒေါ်သန်းသန်းအေးတို့အား ခရိုင်ဥက္ကဋ္ဌနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ရှားခဲကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် ကာလတန်ဖိုးငွေကျပ်ငါးသိန်းတန် မြေကွက်အား အလှူရှင် ဦးမြင့်က ဦးစီးအရာရှိ ဦးဘိုလှရီသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဖွံ့ဖြိုးရှင်သန်လျက်ရှိသော စာကြည့်တိုက်များဖြစ်သည့် နိဗ္ဗာန်ရွာ၊ အဒါးဆင်ဂေါင်းကျေးရွာ၊ နတ်မော်ရွာ၊မြေခြားရွာနှင့် မရမ်းချုံရွာစာကြည့်တိုက်များအတွက် ရေဒီယို၊ ကက်ဆက်နှင့် စာအုပ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က စာကြည့်တိုက်ကော်မတီများသို့ ပေးအပ်လှူဒါန်းကြောင်းသိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**မြေပုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ကန်တော်ကြီး ရေပိုလွှဲ တိုးချဲ့တည်ဆောက်မှုကို နိုဝင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင် ကွင်းဆင်းကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)



**ရေဝတီတိုင်းကျောင်း ကုန်း မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီသီဝင်း နှင့် အ ဖွဲ့ ဆောင် ရွက် သော ကျောက် ချော ခင်း ခြင်း လုပ် ငန်း ကို နိုဝင်ဘာ ၁၂ ရက်က ကျောင်းကုန်း မြို့နယ် စည်ပင် သာယာရေး အဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်မိုးနှင့် ဒုတိယဦးစီးမှူး (အခွန်) ဦးကျော်မိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**(၂၆၅)





## စူဠာနာမ်ရုပ် ကျောက်စိမ်းဘုရားကြီး ပင့်ဆောင်ပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ဟင်္သာတမြို့ ဖြိုးရွှေရည်ပို့ဆောင်ရေး လုပ်ငန်းရှင် ဦးမြင့်အောင်–ဒေါက်တာရင်ရင်မိသားစုတို့က ကချင်ပြည်နယ် မိုးညှင်းမြို့၌ ထုလုပ်ပူဇော်သည့် ဉာဏ်တော်လေးပေရှိ စူဠာနာမ်ရုပ် ကျောက်စိမ်းဘုရားကြီး **(အပေါ်ပုံ)** အား ဟင်္သာတမြို့ ကျက်သရေဆောင် ပြည်လုံးကပ်ကျော် ဦးပါရဲစေတီတော်မြတ်ကြီး မုစလိန္ဒာနဂါးမင်း ရုပ်တုတော်၌ ကိန်းမွေ့စံပယ်နိုင်ရန် မိုးညှင်းမှ ဟင်္သာတမြို့သို့ အခမ်းအနားဖြင့် ပင့်ဆောင်လျက်ရှိသည်။

### ဆက်သွယ်လှူဒါန်းနိုင်

စူဠာနာမ်ရုပ် ကျောက်စိမ်းဘုရားကြီးအား ရွှေကရဝိက်ဖောင်တော်ကြီးဖြင့် မိုးညှင်းမှ ဟင်္သာတမြို့သို့ နိုဝင်ဘာ ၁၉ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ပင့်ဆောင်ရာတွင် မတ္တရာ၊ မန္တလေး၊ မြင်းမူ၊ ပခုက္ကူ၊ ချောက်၊ မကွေး၊ ဆင်ပေါင်ဝဲ၊ ပြည်နှင့် မြန်အောင်ဆိပ်ကမ်းမြို့များသို့ ဖြတ်သန်းရပ်နားမည်ဖြစ်ရာ ဒေသခံပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်းနှင့် အလှူငွေများကို ဦးမြင့်အောင် ဖုန်း ၀၉–၅၁၃၂၃၀၁၊ ဦးသိန်းထွန်းရှိန် ဖုန်း–၀၉–၅၁၁၃၆၅၇၊ ဦးမြတ်ဦး ဖုန်း–၀၉–၅၁၀၉၅၂၈ နှင့် ဦးသန်းနိုင်ဦး ဖုန်း–၀၉–၅၀၀၇၃၈၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## ကွန်ဟိန်းမြို့လုံးကျွတ် စုပေါင်းဘုံကထိန်ပွဲတော်ကျင်းပ

**ကွန်ဟိန်း နိုဝင်ဘာ ၉**

ကွန်ဟိန်းမြို့နယ်လုံးကျွတ် (၁၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကပ်လှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းက အောင်မင်္ဂလာ ကျောင်းတိုက်တွင် ကျင်းပသည်။

အခမ်းအနားသို့ သံဃာတော် ၁၅ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းဆွေနှင့်ဇနီး၊ တပ်နယ်မှ အရာရှိများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ် ဂေါပကအဖွဲ့များ တက်ရောက်ကြပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ အဂ္ဂသေနထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဝင်းဆွေနှင့်ဇနီး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးငွေဒိုးနှင့်ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ကအနုမောဒနာတရားချီးမြှင့်ရာ ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ သံဃာတော်တို့အား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**မင်းကွန်းတောင်ရိုး မေတ္တာစေတီအောင်မြေဘုံကျော်ကျောင်းတိုက်တွင် တည်ထားကိုးကွယ်လျက်ရှိသော မေတ္တာစေတီကမ္ဘာ့အကြီးဆုံး ရုပ်ပွားတော်ကြီး ပေ၁၅၀ တည်ထားကိုးကွယ်ရန်အတွက် မင်းကွန်းမေတ္တာစေတီဆရာတော် ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရအား မန္တလေးမြို့နေ ကိုသက်နိုင်–မစောကေခိုင် (နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မိသားစုတို့က အလှူတော်ငွေကျပ် ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

## စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

**မောင်တော နိုဝင်ဘာ ၅**

မောင်တော မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊စာစောင်များလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက်က မောင်တော ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မောင်တော ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကျော်ဦးက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်နှင်းလဲ့စိုး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွင်းရေးမှူးတို့က စာအုပ်၊ စာစောင်အုပ်ရေ ၁၅၀ ကို ပေးအပ်လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**(ခရိုင် ပြန်/ဆက်)**

## ကန်မကြီးရွာ အမက ကျောင်း တိုးချဲ့ဖွင့်လှစ်

**ပေါက်ခေါင်း နိုဝင်ဘာ ၂**

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် ကန်မကြီးကျေးရွာတွဲဖက်အခြေခံပညာမူလတန်းကျောင်းမှ အခြေခံပညာမူလတန်းကျောင်းတိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ရက် နံနက် ၉နာရီကအဆိုပါ ကျောင်းဆောင် မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ယာယီ)ဥက္ကဋ္ဌ ဒုတိယရဲမှူးဇော်ဝင်းကျော်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ခိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### ပေးအပ်

ထို့နောက် တိုင်းပညာရေးမှူးရုံးအတွက် အထိမ်းအမှတ်အလံကို ကျောင်းအကျိုးတော်ဆောင် ဦးမြကြိုင်က ပညာရေးမှူး ဦးမြင့်ခိုင်အား လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွက် အထိမ်းအမှတ်အလံကို အမက ခွဲ ကြို့ပင်ကန်ဆရာကြီး ဦးဇော်မြက ဒုတိယရဲမှူးဇော်ဝင်းကျော်အား လည်းကောင်း ပေးအပ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**ကြို့ပင်ကောက်မြို့ အမှတ်(၉၂)သစ်စက် ဝန်ထမ်းမိသားစု၏(ပဉ္စမအကြိမ်မြောက်)စုပေါင်း ဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၄ ရက်က ကြို့ပင်ကောက်မြို့ သဲတွင်းရွာ ဓမ္မပါလဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ စက်ရုံမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ဆရာတော် ဦးသုန္ဒြအား ကထိန်သင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များ ဆက်ကပ်လှူဒါန်းစဉ်။** (၀၄၀)



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၇ ရက်**
**၂၆–၁၁–၂၀၀၆ (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

၇း၀၀ တရားတော်၊ မင်းကွန်း ဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

### နေ့လယ်ပိုင်း

၁၀း၀၀ သုတစုံစွာ သိမှတ်စရာ (အရက်အကြောင်းသိကောင်းစရာ တချို့)သိပ္ပံမှူးတင်

၁၁း၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)

၁၁း၃၀ မေတို့တွက်တာအလှကမ္ဘာ (တစ်နေ့တာသင်းပျံ့လန်းဆန်းစေမှာ)

၁၁း၄၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ညှော့်သည်မလေးမောင်ချစ်သူ (ကိုသစ်လွင်)
(၂) စံပယ်တစ်ခက်မွှေးနေလျက် (ချိုပြုံး)
(၃) စံပယ်ပွင့်ချိန်(မျိုးမြင့်လေး)

၁၂း၀၀ ကလေးများ၏ပုံပြောပြိုင်ပွဲ (အလိုကြီးသူ၏ရလဒ်)

၁၂း၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အတ္တအကျဉ်းသား)

၁၃း၁၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှာပျူနိုင်ငံ၏မြို့ဟောင်းများ)(ဒေါက်တာဦးဖေဉာဏ်)

### ညနေပိုင်း

၁၇း၁၀ သူ့လက်သံ(မောင်သိန်းဌေး၏ ဗုံလက်သံ)

၁၇း၁၅ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက် (သမိုင်းထဲကရတနာသိင်္ဃနှင့်လက်တွေ့မြင်းကွင်း)(ညွှန့်ဟံ–ကြူတော)

၁၇း၃၀ တေးသံရှင်အကြိုက်(ရီရီခင်)

၁၈း၄၅ အာယုနှင့်သာမုဆွေးနွေးခန်း

၁၉း၀၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (တေးသံရှင်ရွှေရည်ဝင်းလက်)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) တမ်းတသူလွမ်းရင်မော (တက္ကသိုလ်နီနီမာ)
(၂) ချစ်သူဝေးဝေးသွားပါနဲ့လား (စန္ဒရားချစ်ဆွေ)
(၃) မသွေတမ်းမေတ္တာ(ထား)

## ကျောက်ချောလမ်းခင်းရန်

**စဉ့်ကိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်နှင့် အဖွဲ့ဝင်ဝန်ထမ်းများ ပလိပ်–နောက်တော်ပါ ကျောက်ချောလမ်းခင်းရန် အတွက် ကျောက်များစုဆောင်းထားမှုကို အောက်တိုဘာ ၂၀ရက်ကကွင်းဆင်းကြည့်ရှုရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးယုက ကျောက်စုဆောင်းထားရှိမှုကို ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)



**မိတ္ထီလာမြို့တွင်းနှင့် အဝေးပြေးဂိတ်အနီး ရန်ကုန်–မန္တလေး လမ်းဘေးဝဲယာ သာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၃ ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လူတင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)



## ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဗန်းမော်မြို့၌ ကျန်းမာရေးပညာပေးဟောပြော

**ဗန်းမော် နိုဝင်ဘာ ၁၇**

ဗန်းမော်ခရိုင် အမျိုးသမီးရေးရာ အဖွဲ့က ကမ္ဘာ့ ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၂နာရီက ဗန်းမော်မြို့နယ် ရဲတပ်ဖွဲ့ ရဲသီဟခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေက အဖွင့်အမှာစကားပြောကြားပြီး ဗန်းမော်မြို့နယ် ပြည်သူ့ဆေးရုံမှ ဒေါက်တာ ဒေါ်ခင်မာမာက ဆီးချို၊ သွေးချိုရောဂါနှင့်ပတ်သက်၍ ပညာပေး ဟောပြောသည်။

ဟောပြောပွဲ အခမ်းအနားသို့ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် ရဲတပ်ဖွဲ့ မိသားစုဝင်များ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ကချင်ပြည်နယ်၌ သယံဇာတများပေါကြွယ်ဝသဖြင့် ဖွံ့ဖြိုးတိုးတက်ရန်အလားအလာကောင်း လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေး ဒေသခံတိုင်းရင်းသားပြည်သူများ ကိုယ်တိုင်ပါဝင်လုပ်ဆောင်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကချင်ပြည်နယ် မိုးကောင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် နိုဝင်ဘာ ၂၁ရက် နံနက်၇နာရီခွဲတွင် မိုးကောင်းမြို့ မြို့တော်ခန်းမသို့ ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကောင်းမြို့နယ်ရှိ မိုးကောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

**အိန္ဒိယ သမ္မတ နိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P. Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့် ဇနီးတို့ ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ပြန်လည်ထွက်ခွာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှရွှေဝင်းနှင့် ဇနီးတို့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်ပို့ဆောင်နှုတ်ဆက်ကြစဉ်။**
(သတင်းစဉ်)

# ဒေသဝမ်းစာဖူလုံပိုလျှံရေး မျိုးကောင်းမျိုးသန့်များရွေးချယ် ခေတ်မီနည်းစနစ်များဖြင့် ပန်းတိုင်အထွက်နှုန်းရရှိအောင်စိုက်ပျိုး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုဝင်ဘာ၂၂ရက် နံနက်ပိုင်းက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ တာချီလိတ်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မိ မြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

## စနစ်တကျကြပ်မတ်ဆောင်ရွက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး အမှာစကား ပြောကြားရာတွင် တာချီလိတ်မြို့သည် နိုင်ငံတော်၏ အရေးပါသော နယ်စပ်ဒေသမြို့တစ်မြို့ဖြစ်ပြီး နှစ်နိုင်ငံမှ ပြည်သူများ ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများဖြင့် တရားဝင် ကူးလူးဆက်ဆံဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် များစွာအရေးပါပြီး အထောက်အကူပြုလျက်ရှိကြောင်း၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်စေရေး၊ ဌာနဆိုင်ရာ အဆင့်ဆင့်တို့က စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် လိုကြောင်း။

*စာမျက်နှာ ၃ ကော်လံ ၁* ✻



# အိန္ဒိယ လေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal S.P. Tyagi, PVSM, AVSM, VM, ADC, Chairman, Chief of Staff Committee and Chief of The Air Staff နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ဇော်ထွန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် နိုဝင်ဘာ ၂၂ရက် နံနက်ပိုင်းက နေပြည်တော်လေဆိပ်မှ တပ်မတော်(လေ) အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်သို့ နံနက်၁၀နာရီတွင် ရောက်ရှိကြပြီး ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ လေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ပြင်ဦးလွင် စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ■

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ် ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး